စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၇/၂၀၂၅**

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၌ ကီလိုမာလကာသီးကို စီးပွားဖြစ်စိုက်ပျိုး
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ မိသားစုဝင်ငွေရနေသည့် ကောက်ရိုးမှိုစိုက်ပျိုးရေး
- ကန့်ဘလူမြို့၏ အုန်းသီးဈေးနှုန်း
- ဖူးစားပြောင်း (သို့) သကြားပြောင်း

### နိုင်ငံတကာဈေးကွက်

- ဖိလစ်ပိုင်နိုင်ငံတွင် တင်သွင်းသည့်ဆန်၏ ရည်ညွှန်းဈေးအား တစ်ကီလိုလျှင် ၄၃ ပီဆိုသို့ လျှော့ချသတ်မှတ်
- အိန္ဒိယဘာစမာတီဆန်တင်ပို့သူများ ပို့ကုန်ပမာဏမြင့်တက်လာမှုကြောင့် ဝင်ငွေဆက်လက် ထိန်းထားနိုင်
- ဖိလစ်ပိုင်၏ ဆန်စပါးကဏ္ဍ၌ ဒေါ်လာ သန်း ၅၀၀ အာရှဖွံ့ဖြိုးရေးဘဏ် ရင်းနှီးမြှုပ်နှံမည်
- ဗီယက်နမ်နိုင်ငံ၏ ၂၀၂၅ ခုနှစ် ၅လအတွင်း ဆန်တင်ပို့မှုအခြေအနေ
- တရုတ်နိုင်ငံသို့ ဆန်နှင့် ပီလောပီနံမှုန့်တင်ပို့မှုမြှင့်တင်ရန် ထိုင်းအစိုးရကြိုးပမ်း
- အိန္ဒိယတွင် ဆန်သိုလှောင်မှုများစံချိန်တင်မြင့်တက်လာသကဲ့သို့ ဂျုံသိုလှောင်မှုလည်း တိုးလာသဖြင့် ဂိုဒေါင်များ ပြည့်လျှံနေ
- အိန္ဒိယအစိုးရက ဗဟိုဈေးနှုန်းပံ့ပိုးမှုအစီအစဉ်အရ ပဲတီစိမ်း ၅၄,၁၆၆ တန်နှင့် မြေပဲ ၅၀,၇၅၀ တန် ဝယ်ယူမည်ဟု အတည်ပြု
- မလေးရှား၏ စားအုန်းဆီတင်ပို့မှု မေလ၌ ၂၅ ရာခိုင်နှုန်းမြင့်တက်
- တရုတ်နှင့် အိန္ဒိယတို့၏ စားအုန်းဆီဝယ်ယူမှု ကာလတိုအတွင်း မြင့်တက်ဖွယ်ရှိ
- မလေးရှားနိုင်ငံ၌ စားအုန်းဆီ ထုတ်လုပ်မှုများပြားပြီး သိုလှောင်မှုလက်ကျန် မြင့်တက်
- ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်
- ဖိလစ်ပိုင်နိုင်ငံမှ သရက်သီး၊ ၄က်ပျောသီးများအား အီဂျစ်နိုင်ငံ၏ဈေးကွက်သို့ ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိ
- ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ ၄က်ပျောသီးတင်ပို့မှု မြှင့်တင်မည်
- ရာသီဥတုဆိုးရွားမှုကြောင့် ကင်ညာ၏ လက်ဖက်အထွက်နှုန်းသည် ၂၀၂၅ ခုနှစ် သုံးလပတ်တွင် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့
- Odisha ပြည်နယ်မှထွက်ရှိသည့် သရက်သီးများသည် ယခုအခါ ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံများသို့ တင်ပို့မှုမြင့်တက်
- အိန္ဒိယလက်ဖက်ခြောက်ဈေးသည် ရုရှား၊ အီရန်၊ အီရတ်နှင့် UAE တို့မှ ဝယ်လိုအားများလာခြင်းကြောင့် ၁၈ ရာခိုင်နှုန်းမြင့်တက်


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးကောင်းစွာရွာသွန်းမှုကြောင့် သဘာဝရော်ဘာထုတ်လုပ်မှုများ တိုးမြင့်လာဖွယ်ရှိ
- သစ်နှင့် သစ်အချောထည်တင်ပို့မှုမှ ၅ လအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉ ဘီလီယံရရှိ
- အီးယူသည် ဘူလ်ဂေးရီးယားကို ယူရိုငွေသုံးစွဲသောနိုင်ငံအဖြစ် ၂၀၂၆ ခုနှစ်မှစတင်၍ လက်ခံရန် မီးစိမ်းပြထား
- အီးယူမှ ဖိလစ်ပိုင်နိုင်ငံအား ငွေကြေးခဝါချမှုအန္တရာယ်မြင့်မားသည့် နိုင်ငံစာရင်းမှ ပယ်ဖျက်၍ မိုနာကိုအပါအဝင် ၉ နိုင်ငံအားထည့်သွင်း
- ဗီယက်နမ်နိုင်ငံ လောင်ကိုင်နယ်စပ်ဂိတ်များမှ ကုန်သွယ်မှုသည် မေလအတွင်း အမေရိကန်ဒေါ်လာ သန်း ၂၄၀ အထိ မြင့်တက်
- ဖိလစ်ပိုင်-ဟောင်ကောင်အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူညီချက်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးသတ်သွားမည်ဖြစ်
- ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သန်းဟွာပြည်နယ်၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၆ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိမည်ဟု မျှော်မှန်း
- အိန္ဒိယနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပျော့်ဝင်မှုမရှိသော ဆာလဖာတင်သွင်းမှုများအပေါ် စုပုံတင်ပို့မှုတန်ပြန်သည့်အခွန်ချမှတ်
- ၂၀၂၅ ခုနှစ်၏ ပထမ ၄ လတွင် ဥရောပသမဂ္ဂသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံတန်ဖိုးတင်ပို့ခဲ့သည့် ကမ္ဘောဒီးယား
- ဂျပန်သို့တတိယမြောက် အကြီးမားဆုံးအဝတ်အစားတင်ပို့သူဖြစ်လာသည့် ကမ္ဘောဒီးယား
- ကမ္ဘာ့စျေးကွက်သို့ ဝါးထုတ်ကုန်များတင်ပို့ခြင်းဖြင့် တရုတ်နိုင်ငံကျန်းရှီးပြည်နယ်တွင် စိမ်းလန်းသောစက်မှုလုပ်ငန်းများဖွံ့ဖြိုးလျက်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေချိုထွက်ကုန် တန်ချိန် ၅၅၀,၀၀၀ ကျော်မှ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော် ရရှိ

**ပြည်ပကုန်သွယ်မှုသတင်း**

- ပြည်ပသို့ ဆန်တန်ချိန် ၃ သန်း တင်ပို့ရန် လျာထား

**အထူးဆောင်းပါးများ**

- ဂျပန်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဆန်တိုးမြင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်
- ယူဂန်ဒါနိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော စျေးကွက်ကို ပစ်မှတ်ထား
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြေရှားသတ္တုသံလိုက်တင်ပို့မှုဆိုင်းငံ့ခြင်းကြောင့် အိန္ဒိယ၏မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍ ထိခိုက်နိုင်

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်စျေးနှုန်းများ**

## ပြည်တွင်းစျေးကွက်

### မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၌ ကီလိုမာလကာသီးကို စီးပွားဖြစ်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီးသီးနှံမျိုးစုံကို ရာသီမရွေးစိုက်ပျိုးလျက်ရှိရာစျေးကွက်ဝယ်လိုအားကောင်းသည့်ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သောမာလကာသီးများကိုလည်း မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

အစိုးခေတ်ကောင်းမွန်သည့် မိုးဦးကျကာလများတွင် ယာမြေများ၌ မာလကာကိုင်းကူးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာမျိုးများကို ပင်ခြားတန်းခြား ၁၅-၁၆ ပေ အကွာဖြင့် တစ်ဧကလျှင် ကီလိုမာလကာပင် ၃၅၀ ခန့်ဝင်ဆံ့စိုက်ပျိုးနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၅၅ သိန်းခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရောင်းချနိုင်ပြီး နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကိုပြုစုပေးပါက ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ခူးဆွတ်ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်လျှင် ပျမ်းမျှအလုံးရေ ၁၅၀ - ၂၀၀ ခန့်ထွက်ရှိရာ တစ်ဧကပျမ်းမျှအလုံးရေ ၅၂,၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိဈေးများနှင့် ရွှေသိမ်တော်ဘုရားရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း ကီလိုမာလကာသီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

source: https://www.mdn.gov.mm

source: https://myantrade.gov.mm/article/naypyitaw_18062025%201525

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ မိသားစုဝင်ငွေရနေသည့် ကောက်ရိုးမှိုစိုက်ပျိုးရေး

ကန့်ဘလူမြို့နယ်တွင် တစ်နိုင်တစ်ပိုင်ကောက်ရိုးမှိုစိုက်ပျိုးသူတစ်ဦး၏ ပြောပြချက်အရ ကောက်ရိုးမှိုစိုက်ပျိုးချိန်သည် အလွန်အရေးကြီးကြောင်း၊ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် လိုအပ်သောအခြေခံကုန်ကြမ်းများဖြစ်သည့် သန့်ရှင်းခြောက်သွေ့သော ကောက်ရိုး(သို့မဟုတ်) ရိုးပြတ်များ၊ ဂျပ်စက္ကူများ၊ နွားချေးမြေဆွေး စသည်တို့နှင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးစရိတ်အနေဖြင့် အလျား ၉ ပေနှင့် အနံ ၃ ပေကို ၅၀,၀၀၀ ကျပ်ခန့် ကုန်ကျစရိတ်ရှိကြောင်းသိရသည်။

ကောက်ရိုးမှိုသည် စိုက်ပျိုးပြီး ၁၅ ရက်ခန့်တွင် စတင်ခူးဆွတ်ရကြောင်း၊ ကောက်ရိုးမှိုတစ်ဘောင်လျှင် ၈-၁၀ ပိဿာထိရကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ တတိယပတ်အတွင်း ကန့်ဘလူမြို့မဈေးတွင် ကောက်ရိုးမှိုတစ်ပိဿာလျှင် လက်လီဈေး ၁၅,၀၀၀ ကျပ်၊ လက်ကားဈေး ၁၄,၅၀၀ ကျပ်နှင့် ၁၀ ကျပ်သားလျှင် ၁,၅၀၀ ကျပ် ဖြင့် ရောင်းချရသောကြောင့် စိုက်ပျိုးသူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များရရှိကာ မိသားစုစားဝတ် နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

source: https://www.doca.gov.mm

source: https://myantrade.gov.mm/article/naypyitaw_18062025%201445

## ကန့်ဘလူမြို့၏ အုန်းသီးဈေးနှုန်း

အုန်းပင်သည် နှစ်ရှည်သီးပင်ဖြစ်ပြီး ဒေသမရွေးတွင် စိုက်ပျိုးရလွယ်ကူသော အပင်တစ်မျိုးဖြစ်သည်။ ကန့်ဘလူခရိုင်အတွင်း၌ ယခင်ကပင် မိမိတို့၏ နေအိမ်ခြံစည်းရိုးများတွင် အမှတ်အသားတစ်ခုအနေဖြင့်လည်းကောင်း၊ အုန်းသီး၊ အုန်းလက်တို့ကိုအသုံးပြုရန်အတွက်လည်းကောင်း ရည်ရွယ်စိုက်ပျိုးကြသည်။ အုန်းသီးသည် မြန်မာလူမျိုးတို့၏ ဘာသာရေးဆိုင်ရာပွဲများ၊ အလှူပွဲ မင်္ဂလာဆောင်နှင့်နတ်ပွဲများတွင် မပါမဖြစ်အသုံးပြုရသည့် အသီးတစ်မျိုးဖြစ်သည်။

ယခုအခါ အုန်းသီးများကို ကန့်ဘလူမြို့မဈေးတွင် အုန်းသီးအစိမ်းနှင့် အုန်းသီးအခြောက်ဟူ၍ ၂ မျိုး ရောင်းချလျက်ရှိကြောင်း၊ အုန်းသီးများသည် ကန့်ဘလူမြို့နယ်အနှံ့အပြားမှ ဝင်ရောက်မှုရှိပြီး ဈေးနှုန်းများမှာ အုန်းသီးစိမ်း ၁ လုံးလျှင် ၂,၅၀၀-၃,၀၀၀ ကျပ်အထိရှိပြီး အုန်းသီးအခြောက် ၁ လုံးလျှင် ၃,၅၀၀-၄,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးအတွင်းရှိဈေးသည်တစ်ဦး၏ပြောပြချက်အရ အုန်းသီးအခြောက်များကို ကန့်ဘလူမြို့ပေါ်ရှိ ရိုးရာမြန်မာမုန့်လုပ်သူများ၊ ရွှေရင်အေးဆိုင်များနှင့် အုန်းနို့ခေါက်ဆွဲဆိုင်များမှ ဝယ်ယူကြ ကြောင်း၊ အုန်းသီးအစိမ်းများကို သာသနာပွဲထိုးသူများ၊ အလှူမင်္ဂလာပွဲများ၊ ဖျော်ရည်ဆိုင်များမှ ဝယ်ယူကြကြောင်း၊ အုန်းသီးအသုံး ပြုမှုများပြားကာ ဝင်ရောက်သမျှ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ Source: https://doca.gov.mm/my/node/41503

## ဖူးစားပြောင်း (သို့) သကြားပြောင်း

**"ပဝါခြုံလုံပါပေ့၊ ဆံမြိတ်ချလုပ်ပါပေ့၊ ကျောက်တန်းစီညီပါပေ့"**ဟု အမည်ရသော ပြောင်းဖူးကို ဖူးစားပြောင်း (သို့) သကြားပြောင်း၊ ထောပတ်ပြောင်းဟူ၍ တွေ့မြင်ကြရပြီး ယေဘုယျအားဖြင့် အဝါမျိုးသည် အချိုဓာတ်ကဲကာ ပြောင်းဖူးကို အပြုတ်၊ အသုပ်၊ အကင်၊ အကြော် စသည်ဖြင့် သွားရေစာ စားကြသလို ဟော့ပေါ့အပါအဝင် အချို့ဟင်းလျာများတွင်လည်း ထည့်သုံးလေ့ရှိကြသည်။ မြန်မာနိုင်ငံ၌ ပြောင်းသီးနှံကို ရာသီမရွေး သီးထပ်အဖြစ် စိုက်ပျိုးနိုင်ပြီး လက်ရှိအချိန်တွင် ရေသွင်းစနစ်ဖြင့် သကြားပြောင်းဖူးများကို ယခင်က တစ်ပိုင် တစ်နိုင်စိုက်ပျိုးလျက်ရှိရာမှ ယခုအအချိန်တွင် ပြည်တွင်းစားသုံးမှုများပြား

လာပြီး ပြောင်းဖူးဈေးကောင်းရရှိလာသဖြင့် သကြားပြောင်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီ တစ်နှစ်ပတ်လုံး စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြသည်။

ပြောင်းသီးနှံအား မေလတွင် စတင်စိုက်ပျိုး၍ ဇူလိုင်လတွင် ထွက်ပေါ်လျက်ရှိပြီး မျိုးအနေဖြင့် သကြားပြောင်းနှင့် စပ်ကြားပြောင်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် သကြားပြောင်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် သကြားပြောင်းဖူးအရေအတွက် အဖူး ၉,၀၀၀ ကျော်ထွက်ရှိကြောင်း၊ ဖူးစားပြောင်း (ခေါ်) သကြားပြောင်းသည် ရေလုံလောက်စွာရရှိပါ က (နွေ၊မိုး၊ဆောင်း) တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်များအနေဖြင့် မျိုး၊ သွင်းအားစု၊ ပိုးသတ်ဆေး၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ၁၀ သိန်းကျပ်ခန့်ကုန်ကျကြောင်း၊ သကြားပြောင်းစိုက်ပျိုးပြီး ရက်ပေါင်း ၈၀ မှ ၉၀ ရက်အတွင်း အဖူးများကို စတင်ခူးဆွတ်နိုင်ပြီး သကြားပြောင်း တစ်ကေလျှင် မြေအမျိုးအစားအပေါ်လိုက်၍ အဖူးပေါင်း ၁၄,၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။ လက်ရှိအချိန် ဇွန်လတွင် ဖူးစားပြောင်း(ခေါ်) သကြားပြောင်း ရောင်းချရသည့်ဈေးနှုန်းမှာ အကြီးအသေးပေါ်မူတည်၍ ပြောင်းဖူးအကြီး တစ်ဖူးလျှင် လက်ကား ဈေးနှုန်း ၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ အသေးတစ်ဖူးလျှင်ကျပ် ၄၀၀၊ လက်လီဈေးနှုန်းအနေဖြင့် ပြောင်းဖူးအကြီးတစ်ဖူးလျှင် ၇၀၀ ကျပ်ဖြင့်လည်းကောင်း၊ အသေးတစ်ဖူးလျှင် ၅၀၀ ကျပ်ဖြင့်လည်းကောင်း အရောင်းအဝယ်ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ကေလျှင် ၄ သိန်းကျပ်ခန့်ရရှိကာ ဖူးစားပြောင်း (ခေါ်) သကြားပြောင်း စိုက်တောင်သူများအနေဖြင့် ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ပြည်ဒေသထွက် ပြောင်းဖူးများကို မြို့ပေါ်ရှိကုန်စိမ်းသည်များမှ စိုက်ခင်းအထိလာရောက်ဝယ်ယူမှုများရှိသည့်အပြင် ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး ပြည်တွင်းဈေးကွက် ခိုင်မာမှုရှိသော သကြားပြောင်းဖူးသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

Source: https://doca.gov.mm/my/node/41493

## နိုင်ငံတကာဈေးကွက်

### ဖိလစ်ပိုင်နိုင်ငံတွင် တင်သွင်းသည့်ဆန်၏ ရည်ညွှန်းဈေးအား တစ်ကီလိုလျှင် ၄၃ ပီဆိုသို့ လျှော့ချ သတ်မှတ်

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ တင်သွင်းသည့်ဆန်ဈေးနှုန်းအား တစ်ကီလိုလျှင် ၄၅ ပီဆိုမှ ၄၃ ပီဆိုသို့ လျှော့ချသတ်မှတ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ လျှော့ချသတ်မှတ်ရခြင်းမှာ လတ်တလော ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းနေမှုကို အကာအကွယ်ဖြစ်စေရန်အတွက်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်ဗဟိုဘဏ်မှလည်း အလုပ်အကိုင်၊ အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်နှင့် စီးပွားရေးလုပ်ဆောင်ချက် များပိုမိုဆောင်ရွက်နိုင်ရန် အတိုးနှုန်းများလျှော့ချပေးလျက်ရှိပြီး ထိုမှသာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်ရာတွင် အကူအညီအထောက်အပံ့ဖြစ်စေသည့် ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆန်စပါးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှုန်း(Rice Inflation)သည်လည်း ကျဆင်းလျက်ရှိပြီး rice-for-all program အောက်မှ ရောင်းချမည့်ရည်ညွှန်းဈေးကို ညှိနှိုင်းသတ်မှတ်ခြင်းဖြစ်ကြောင်း၊ တင်သွင်းလာသည့် ဆန်များအား ဈေးကွက်တွင်း ရောင်းချရမည့် ရည်ညွှန်းဈေးသတ်မှတ်ချက်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ခြင်းကို ဆက်လက်သက်တမ်းတိုးခဲ့ခြင်းကြောင့် ဈေးကွက်ထိခိုက်မှုမရှိစေရန်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့ခြင်းကို ပြန်လည်ခွင့်ပြုခဲ့သဖြင့် ကမ္ဘာ့ဆန်ဈေးနှုန်း ကျဆင်းခဲ့ခြင်းကြောင့် ရည်ညွှန်းဈေးသတ်မှတ်သည့်စနစ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တစ်ကီလိုလျှင် ၅၈ ပီဆိုသတ်မှတ်ရာမှ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တစ်ကီလိုလျှင် ၄၅ ပီဆိုသို့ တဖြည်းဖြည်းချင်း လျှော့ချခဲ့ကြောင်း၊ ယခု တစ်ကီလိုလျှင် ၄၃ ပီဆိုအဖြစ် ထပ်မံ လျှော့ချခဲ့ခြင်းဖြစ်သည်။

သမ္မတမားကို့စ်ဂျူနီယာ၏ သမ္မတသက်တမ်းပြီးမြောက်မည့် ၂၀၂၈ ခုနှစ်တာကာလအထိ ဆန်တစ်ကီလိုလျှင် ပီဆို ၂၀ သတ်မှတ်ပြီး အစိုးရကရောင်းချပေးနေသည့် rice program များကိုလည်း ချဲ့ထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အစီအစဉ် များအရ ၂၀၂၅ ခုနှစ် ဇွန်လ ၄ ရက်နေ့အထိ လူပေါင်း ၄၀,၀၀၀ နီးပါး သို့မဟုတ် အိမ်ထောင်စုပေါင်း ၉,၄၈၇ အတွက် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားထားသည်ကိုတွေ့ရသည်။ အမျိုးသားစားနပ်ရိက္ခာ

ဖူလုံရေးအာဏာပိုင်အဖွဲ့၏ သတ်မှတ်ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၃၃ ပီဆိုဖြစ်သဖြင့် ကွာဟချက် ၁၃ ပီဆိုကိုကာမိစေရန် သက်ဆိုင်ရာဒေသအာဏာပိုင်အစိုးရအဖွဲ့အစည်းများနှင့် Food Terminal Inc. တို့မှ တစ်ကီလိုလျှင် ၆ ဒသမ ၅၀ ပီဆို ကျခံပေးရန်လိုအပ်သည်။ အစိုးရနောက်ခံ ဆန်သက်သာဆိုင်များဖြစ်သော Kadiwa Outlets များတွင် ဆန်တစ်ကီလိုရောင်းချခြင်းမှ ၉ ပီဆိုကို အဆိုပါ Food Terminal Inc. များမှ ရရှိခံစားကြောင်း ဖော်ပြပါရှိသည်။

ယခုကဲ့သို့ အစိုးရကဆန်သက်သာဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေခြင်းကို အမြဲတမ်းဆောင်ရွက်ပေးမည်ဆိုပါက အစိုးရ၏အသုံးစရိတ်နှင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို အသေးစိတ်လေ့လာပြီး မူဝါဒများချမှတ်နိုင်ရေး အောက်လွှတ်တော်ကိုယ်စားလှယ်များသို့ ညွှန်ကြားထားကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အဆိုပါအစီအစဉ်များဆောင်ရွက်ရန် ဘတ်ဂျက်အသုံးစရိတ် ပီဆို ၁၈ ဘီလီယံခွဲဝေရရှိရန် တင်ပြထားကြောင်းနှင့် လွှတ်တော်တွင် Legislation to institutionalize program (Draft) ကို ဆွေးနွေးသွားရန်ရှိကြောင်း ဖော်ပြပါရှိသည်။

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_11062025_14:59

## အိန္ဒိယဘာစမာတီဆန်တင်ပို့သူများ ပို့ကုန်ပမာဏမြင့်တက်လာမှုကြောင့် ဝင်ငွေဆက်လက်ထိန်းထားနိုင်

ဘာစမာတီဆန်တင်ပို့ရောင်းချသူများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်သော လက်ရှိနှစ်၏ ဈေးကွက်ရှာဖွေရေးကာလတွင် အရောင်းအဝယ်စာချုပ်ဈေးနှုန်းများသိသိသာသာကျဆင်းခဲ့ခြင်းနှင့် အနည်းဆုံးတင်ပို့မှုဈေးနှုန်း(MEP) မရှိသည့်အခြေအနေတို့ကြားမှ ပို့ကုန်ပမာဏမြင့်တက်လာမှုကြောင့် ၎င်းတို့၏ဝင်ငွေကို ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုရင်းမြစ်များ၏ဖော်ပြချက်အရ မေလ၏ပျမ်းမျှ ဘာစမာတီဆန်တင်ပို့မှုဈေးနှုန်းသည် ယခင်နှစ်က ၁ တန်လျှင်အမေရိကန်ဒေါ်လာ ၁,၀၈၀ ရှိခဲ့ရာမှ ၂၃ ရာခိုင်နှုန်းကျော်ကျဆင်း၍ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၈၃၁ သို့ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ရာသီအစဖြစ်သော ၂၀၂၄ ခုနှစ် အောက်တိုဘာလက ဘာစမာတီဆန်ဈေးနှုန်းသည် ယခင်နှစ်က ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁,၂၂၆ ရှိခဲ့ရာမှ ၂၀ ရာခိုင်နှုန်းကျဆင်း၍ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၉၇၇ သို့ ရောက်ရှိခဲ့သော်လည်း၊ ပြီးခဲ့သည့် ၈ လအတွင်း ဈေးနှုန်းများ ၁၅ ရာခိုင်နှုန်းထပ်မံကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဘာစမာတီဆန်၏ နှစ်စဉ်ပျမ်းမျှတင်ပို့မှုဈေးနှုန်းသည် ၅၃ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၀၇ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ နောက်တစ်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁,၀၀၀ ကျော်လွန်ခဲ့ကြောင်း တွေ့ရသည်။

"အဲဒီနောက်ပိုင်းမှာတော့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ ပျမ်းမျှဈေးနှုန်းက ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၁,၂၂၀ ကျော်ခဲ့တာကလွဲလို့ ဈေးနှုန်းအတက်အကျသိပ်မရှိခဲ့ပါဘူး" ဟု ဝါရင့်တင်ပို့သူတစ်ဦးက ပြောကြားခဲ့သည်။

ကုန်သွယ်ရေးမူဝါဒကျွမ်းကျင်သူ S Chandrasekaran က ဒုတိယမျိုးဆက် ဘာစမာတီဆန် ပြုပြင်ပြောင်းလဲမှုများအပေါ် ပိုမိုနက်ရှိုင်းစွာဆန်းစစ်သုံးသပ်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

"အရည်အသွေးနဲ့စစ်မှန်မှုကိုထိန်းသိမ်းရင်း ကမ္ဘာ့ဈေးကွက်ချဲ့ထွင်မှုကနေ ဘယ်လိုအရှိန်မြှင့်တင်မလဲ၊ ဘယ်လိုဦးတည်မလဲ၊ ဘယ်လိုအကျိုးအမြတ်ရယူမလဲဆိုတာကို ကျွန်တော်တို့ အလေးအနက်ထားဆွေးနွေးရပါမယ်"ဟု ၎င်းကပြောကြားခဲ့သည်။ လက်ရှိနှစ်ပေါင်း ၂၅ နှစ်သက်တမ်းရှိပြီဖြစ်သော ဘာစမာတီဆန်တင်ပို့မှုစံနှုန်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

GRM Overseas ကုမ္ပဏီ၏ COO ဖြစ်သူ Dinesh Chhatra ၏အဆိုအရ ပြီးခဲ့သည့်နှစ်က ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် မြင့်တက်ခဲ့သောဝယ်လိုအားသည် ရနံ့မွှေးကြိုင်သော ဘာစမာတီဆန်၏ဈေးနှုန်းများကို သိသိသာသာမြှင့်တင်ပေးခဲ့ကြောင်းသိရသည်။ ၎င်းကဘာစမာတီဆန်တင်ပို့မှုအချို့သည် ပျမ်းမျှဈေးနှုန်းထက် ပိုမိုမြင့်မားစွာရောင်းချခဲ့ရကြောင်းပြောကြားခဲ့သည်။ အိန္ဒိယအစိုးရသည် တင်ပို့သူများ၏ တောင်းဆိုမှုကြောင့် ပြီးခဲ့သည့်နှစ်စက်တင်ဘာလက ဘာစမာတီဆန်အပေါ် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ သတ်မှတ်ထားသည့် အနည်းဆုံးတင်ပို့မှုဈေးနှုန်း(MEP)ကို ဖယ်ရှားခဲ့ကြောင်း သိရသည်။

တရားဝင်အချက်အလက်များအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဧပြီလအထိ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန် တင်ပို့မှုပမာဏသည် ယခင်နှစ်က တန်ချိန်သန်း ၃ ဒသမ ၄၃ သန်းမှ ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး

တန်ချိန်သန်း ၃ ဒသမ ၉၉ သန်းသို့ရောက်ရှိခဲ့ကြောင်း တွေ့ရသည်။ ဘာစမာတီဆန်သည် လွန်ခဲ့သည့်ဆယ်စုနှစ်များစွာကတည်းက အိန္ဒိယနိုင်ငံ၏ ထိပ်တန်းစိုက်ပျိုးရေးပို့ကုန်သုံးမျိုးတွင် ပါဝင်နေဆဲဖြစ်ကြောင်း သိရသည်။

Source: The Hindu Businessline, Basmati export prices at 17-year low, higher volumes cushion the blow, June 11, 2025.,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16062025_14:30

## ဖိလစ်ပိုင်၏ ဆန်စပါးကဏ္ဍ၌ ဒေါ်လာ သန်း ၅၀၀ အာရှဖွံ့ဖြိုးရေးဘဏ် ရင်းနှီးမြှုပ်နှံမည်

အာရှနှင့်ပစိဖိတ်ဒေသတစ်ဝန်းတွင် ဆန်ထုတ်လုပ်မှုစဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှု အနည်းငယ်ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို မြှင့်တင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဖိလစ်ပိုင်၏ ဆန်စပါးကဏ္ဍတွင် ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံခြင်းကို ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Gates ဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဇွန် ၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနအဖွဲ့၏ ၆၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးသုတေသနစင်တာတို့က အဆိုပါစီမံချက်ကို တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြီးတန်းဒါရိုက်တာဖြစ်သူ Qingfeng Zhang က ဖိလစ်ပိုင်တွင် ရင်းနှီးမြှုပ်နှံမည့် ဒေါ်လာသန်း ၅၀၀ အား ဆည်ရေပေးသွင်းခြင်း၊ စပါးစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာထောက်ပံ့ပို့ဆောင်ခြင်းတို့တွင် ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွက် ၂၀၂၅-၂၀၃၀ ကာလအတွင်း ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်စေရေး အထောက်အကူဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအား စပါးအထွက်နှုန်းတိုးတက်ရေး၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေရေး၊ ရေအသုံးပြုမှုနှင့်ကာဗွန်ခြေရာခံစနစ်များလျှော့ချရေးတို့တွင် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်စပါးကဏ္ဍသည် လူဦးရေထက်ဝက်ကျော်အတွက်ထောက်ပံ့လျက်ရှိပြီး ကျေးလက်နေပြည်သူ သန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်နေသော်လည်း ဒေသတွင်းစပါးစိုက်ပျိုးမှုတွင် အထွက်နှုန်းကျဆင်းခြင်း၊ ရေရရှိမှုနည်းပါးခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိခြင်းစသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ယင်းပြဿနာများသည် စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုဘဝသာယာစိုပြေမှုတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဆက်လက်၍ အာရှတွင် ဆန်သည် စားနပ်ရိက္ခာဖူလုံမှုအတွက်အရေးပါပြီး ဒေသတွင်း စားသုံးမှု၏ လေးပုံတစ်ပုံကျော်နှင့် အရှေ့တောင်အာရှတွင် ထက်ဝက်ခန့်အထိ ထောက်ပံ့ပေးထားကြောင်း၊ သန်းပေါင်းများစွာသော လုပ်ကွက်ငယ်တောင်သူများအတွက် ဆန်စပါးသည် အစားအစာတစ်ခုအဖြစ်သာမက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ပြင်းထန်ဆိုးဝါးသည့်ရာသီဥတုအခြေအနေနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းတို့သည် အသက်မွေးဝမ်းကျောင်းမှုအပေါ် ပိုမိုခြိမ်းခြောက်လျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Fatima Yasmin က ပြောကြားခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးသုတေသနစင်တာတို့အနေဖြင့် Gates ဖောင်ဒေးရှင်း၏ ငွေကြေးထောက်ပံ့မှုအကူအညီဖြင့် သီးနှံသန့်စင်မှုဆိုင်ရာအဆောက်အအုံများကိုတည်ထောင်လျက် ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းမြင့်မားသည့် သီးနှံစိုက်ပျိုးမှုအလေ့အထများကို ကျင့်သုံးစေရေး တွန်းအားပေးဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ရေအသုံးချမှုတည်တံ့ခိုင်မြဲရေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်များ ပါဝင်မှုရှိစေရေးအတွက် အသိပညာဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဒေသတွင်းဆင်းရဲနွမ်းပါးသည့် ပြည်သူများအတွက်အာဟာရပြည့်ဝစွာရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုသည် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မဟာဗျူဟာမြောက်ပူးပေါင်းမှုကို ခိုင်မာလာစေပြီး ဆန်စပါးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနစင်တာ၏ တီထွင်ဆန်းသစ်မှုကိုပါ တိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အာရှဒေသ၏ ဆန်စပါးကဏ္ဍအား စဉ်ဆက်မပြတ်တိုးတက်ပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းမှုဖြစ်ပေါ်လာစေရေး လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ပစ္စုပ္ပန်နှင့်အနာဂတ်တွင် လုပ်ကွက်ငယ် တောင်သူသန်းပေါင်းများစွာ၏ လူမှုဘဝများကို ပြောင်းလဲလာစေမည်ဖြစ်ကြောင်း IRRI ညွှန်ကြားရေးမှူးချုပ် Yvonne Pinto ကပြောကြားခဲ့သည်။

အဆိုပါအဖွဲ့အစည်းများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများတွင်လည်း ကနဦးစီမံချက်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source : Manila Times, 10 Jun, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) ,  Source : https://doca.gov.mm/my/node/40936

## ဗီယက်နမ်နိုင်ငံ၏ ၂၀၂၅ ခုနှစ် ၅လအတွင်း ဆန်တင်ပို့မှုအခြေအနေ

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ၅ လအတွင်း စုစုပေါင်းဆန်တန်ချိန် ၄ ဒသမ ၅ သန်းတင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄ ဘီလီယံအထိရရှိခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဗီယက်နမ်ဆန်တင်ပို့မှုသည် သိသိသာသာတိုးတက်လာခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါ က ၅၁၅ ဒသမ ၆ ဆတိုးမြင့်လာခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ် ၅ လအတွင်း ဆန်တင်ပို့မှုဈေးနှုန်းသည် တစ်တန်လျှင် ပျမ်းမျှ ၅၁၆ ဒသမ ၄ ဒေါ်လာရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ် အလားတူ ကာလထက် ၁၈ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဖော်ပြပါရှိသည်။

၂၀၂၅ ခုနှစ် မေလတစ်လတည်းတွင် ဆန်တင်ပို့မှုပမာဏမှာ တန်ချိန် ၁ ဒသမ ၁ သန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၃ ဒသမ ၁ သန်းရှိမည်ဟု ခန့်မှန်းထားသည်။

စားသုံးမှုဈေးကွက်အရ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန်တင်ပို့မှုအတွက် အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေပြီး ဈေးကွက်ဝေစု၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ အိုင်ဗရီကို့စ်နှင့် တရုတ်တို့သည် ဈေးကွက်ဝေစု ၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၁၀ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးရှိသည့် ဈေးကွက်နှစ်ခုဖြစ်ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဖိလစ်ပိုင်ဈေးကွက်တင်ပို့မှုသည် ၂၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်း သွားပြီး အိုင်ဗရီကို့စ်သို့ တင်ပို့မှုမှာ ၂ ဒသမ ၇ ဆ၊ တရုတ်နိုင်ငံသို့ ၈၃ ဒသမ ၇ ရာခိုင်နှုန်း သိသိသာသာ တိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

ပို့ကုန်အများဆုံးတင်ပို့ရသည့် ဈေးကွက် ၁၅ ခုအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၅၁၅ ဒသမ ၆ ဆအထိ ဈေးကွက်အမြင့်ဆုံးမြင့်တက်ခဲ့ပြီး အင်ဒိုနီးရှားဈေးကွက်သည် ၉၇ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရ သည်။

၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဗီယက်နမ်၏ ဆန်တင်သွင်းမှု သိသိသာသာကျဆင်းသွားခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်ဆန်တင်သွင်းမှုတိုးမြင့်လာခဲ့ပြီး အဓိကအားဖြင့် ST25 နှင့်ကောက်ညှင်းဆန်များကို တင်သွင်းလျက်ရှိကြောင်း ဖော်ပြထားသည်။ Source: https://asemconnectvietnam.gov.vn , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_16062025_15:31

## တရုတ်နိုင်ငံသို့ ဆန်နှင့် ပီလောပီနံမှုန့်တင်ပို့မှုမြင့်တင်ရန် ထိုင်းအစိုးရကြိုးပမ်း

ထိုင်းအစိုးရသည် ပီလောပီနံမှုန့်နှင့် ဆန်ကို အဓိကဦးစားပေးအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ တရုတ်သို့ တင်ပို့မှုတိုးချဲ့ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း စီးပွားကူးသန်းဝန်ကြီး Pichai Naripthaphan က ဇွန်လ ၇ ရက်နေ့က ပြောကြားခဲ့သည်။ ဆန်၊ ပီလောပီနံမှုန့်၊ ဒူးရင်းအစရှိသည့် ထိုင်းကုန်ပစ္စည်းများအတွက် တရုတ်ဝယ်လိုအား မြင့်တက်လာမှုနှင့် အပြန်အလှန်ကုန်သွယ်ရေးကြီးထွားမှုအရှိန် အားကောင်းမှုအပေါ်အခြေခံ၍ ထိုင်းစီးပွားကူးသန်းဝန်ကြီးဌာနသည် တရုတ်ဈေးကွက်သို့ ဆက်လက်ဝင်ရောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Han Zhiqiang ၏ နှုတ်ဆက်ပွဲအခမ်းအနားတွင် Mr Pichai ကနှစ်နိုင်ငံကုန်သွယ်ရေးချိတ်ဆက်မှု ဆက်လက်အားကောင်းရန် အစိုးရ၏ ကတိကဝတ်ပြုမှုကို ထပ်မံအတည်ပြုခဲ့ပြီး သံအမတ်ကြီး၏ သက်တမ်းကာလအတွင်း ထိုင်းစိုက်ပျိုးရေး ထုတ်ကုန်

များ ဈေးကွက်ဝင်ရောက်ရေးတွင် လွယ်ကူချောမွေ့စေရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုပေါ် အသိအမှတ်ပြုစကား ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ပီလောပီနံမှုန့်တင်ပို့မှုသည် နှစ်နိုင်ငံကြားကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးနောက် ခန့်မှန်းချက်များထက် ကျော်လွန်လာခဲ့ကြောင်း သိရသည်။ Mr Pichai က ပီလောပီနံမှုန့်သည် တရုတ်တွင် လူကြိုက်များမှုမြင့်တက်လာလျက်ရှိကြောင်းနှင့် ကုန်သွယ်မှုမြင့်တင်ခြင်းမှတစ်ဆင့် ထိုအဟုန်ကို အပြည့်အဝအသုံးချနိုင်ရန်အတွက် အစိုးရ၏အစီအစဉ်များနှင့်ပတ်သက်၍ အသားပေးပြောကြားခဲ့ကြောင်း သိရသည်။ ဆန်တင်ပို့မှုမှာလည်း အထင်ကြီးဖွယ်ကြီးထွားလျက်ရှိပြီး ယခုနှစ်၏ပထမ ၅ လ တာကာလတွင် ထိုင်းနိုင်ငံသည် ဘတ် ၃ ဒသမ ၅၇ ဘီလီယံတန်ဖိုးရှိသော ဆန်တန်ချိန် ၂၀၂,၈၈၉ တန်ကို တရုတ်သို့တင်ပို့ခဲ့ကြောင်း သိရသည်။ သံအမတ် Han ကလည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ အထူးသဖြင့် ထိုင်းနိုင်ငံမှ မွေးမြူရေးကဏ္ဍများ တရုတ်ဈေးကွက်ရရှိရန် ကြိုးပမ်းမှုများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိုင်းနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

Source :https://doca.gov.mm/my/node/40819

## အိန္ဒိယတွင် ဆန်သိုလှောင်မှုများစံချိန်တင်မြင့်တက်လာသကဲ့သို့ ဂျုံသိုလှောင်မှုလည်း တိုးလာသဖြင့် ဂိုဒေါင်များ ပြည့်လျှံနေ

အိန္ဒိယ၏ အစိုးရဂိုဒေါင်များတွင် ဆန်သိုလှောင်မှုမှာ လွန်ခဲ့သည့်နှစ်မှစတင်၍ ဇွန်လအထိ စံချိန်တင် မြင့်တက်ခဲ့ပြီး ၁၈ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း၊ ဂျုံသိုလှောင်မှုမှာလည်း လယ်သမားများထံမှ ပိုမိုဝယ်ယူမှုများကြောင့် လေးနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း တရားဝင်အချက်အလက်များက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်။

စံချိန်တင်ဆန်သိုလှောင်ထားရှိမှုသည် ကမ္ဘာ့အကြီးဆုံးဆန်တင်ပို့သူဖြစ်သည့် အိန္ဒိယနိုင်ငံအား တင်ပို့ရောင်းချမှုကို တိုးမြှင့်ပေးမည်ဖြစ်ပြီး ဂျုံလက်ကျန်စာရင်းတိုးတက်လာခြင်းသည် အိန္ဒိယအစိုးရအား ဈေးကွက် အတွင်းရောင်းချမှုတိုးလာခြင်းဖြင့် ယခုနှစ်နှောင်းပိုင်းတွင် ဈေးနှုန်းတက်ခြင်းများကို ထိန်းနိုင်စေရန် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁ ရက်နေ့အထိစာရင်းများအရ ကြိတ်ခွဲခြင်းမပြုရသေးသော စပါးများအပါအဝင် နိုင်ငံတော်အရန်ဆန်မှာ စံချိန်တင်မက်ထရစ်တန် ၅၉ ဒသမ ၅ သန်းရှိပြီး ဇူလိုင် ၁ ရက်အတွက် အစိုးရ၏လျာထားချက် တန်ချိန် ၁၃ ဒသမ ၅ သန်းထက်များစွာကျော်လွန်လျက်ရှိကြောင်း သိရသည်။

ဇွန်လ ၁ ရက်နေ့တွင် ဂျုံလက်ကျန်တန်ချိန် ၃၆ ဒသမ ၉ သန်းရှိပြီး အစိုးရ၏ လျာထားချက် တန်ချိန် ၂၇ ဒသမ ၆ သန်းထက်ကျော်လွန်လျက်ရှိကြောင်း ကိန်းဂဏန်းများအရ သိရသည်။

နယူးဒေလီအခြေစိုက် ဆန်ကုန်သည်တစ်ဦးက ဆန်သိုလှောင်မှုမှာ အလွန်အမင်းများပါကြောင်း၊ နောက်ရာသီအတွက် ဆန်ဝယ်ယူသိုလှောင်မှုအစီအစဉ်များသည် အောက်တိုဘာလတွင် ပြန်လည်စတင်မည်ဖြစ်သဖြင့် အစိုးရက ယခုသိုလှောင်ထားရှိမှုကိုလျှော့ချရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည့် အိန္ဒိယသည် ၂၀၂၂ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် ဆန်ဖြူတင်ပို့မှုကန့်သတ်ချက်များကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖယ်ရှားခဲ့သည်။

မွန်ဘိုင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ဂျုံများပိုမိုဝယ်ယူထားသောကြောင့် လက်ကျန်သိုလှောင်မှု များစွာရှိနေခြင်းသည် အစိုးရအတွက် သက်တောင့်သက်သာအနေအထားကို ရရှိစေကြောင်း၊ အဓိကအားဖြင့် အစိုးရသည် ဈေးကွက်အတွင်း ဂျုံရှားပါးသည့်အချိန်တွင် စားသုံးသူအမြောက်အမြားထံ ဂျုံပိုမိုရောင်းချနိုင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရသည် ယခုအချိန်အထိ လယ်သမားများထံမှ ဂျုံတန်ချိန် သန်း ၃၀ ကို ဝယ်ယူထားပြီးဖြစ်ကြောင်း၊ ယင်းသည် လေးနှစ်အတွင်း အများဆုံးဖြစ်ကြောင်း အိန္ဒိယအစားအစာကော်ပိုရေးရှင်း(Food Corporation of India (FCI))မှ ပြုစုထားသော အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့်သုံးနှစ်အတွင်း ဂျုံထွက်ရှိမှုနည်းပါးခြင်းကြောင့် FCI မှ ဝယ်ယူမှုနည်းပါးခဲ့ပြီး ဂျုံဈေးနှုန်းကို မြင့်တက်စေခဲ့ကြောင်းနှင့် အိန္ဒိယသည် ၇ နှစ်အတွင်း ပထမဆုံးအကြိမ် ဂျုံတင်သွင်းရန် တွန်းအားပေးမှုများ မြင့်တက်ခဲ့ကြောင်း သိရသည်။

သို့သော် ယခုနှစ်တွင် ဂျုံသိုလှောင်မှုများမြင့်တက်လာခြင်းကြောင့် နိုင်ငံသည် ပြည်ပမှတင်သွင်းခြင်းမပြုဘဲ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးသင့်ကြောင်း ပြောကြားလျက်ရှိသည်။

Source: India's granaries overflow as rice stocks hit record, wheat sugers, The Economic Times, 11 June, 2025. (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18062025_14:40

## အိန္ဒိယအစိုးရက ဗဟိုဈေးနှုန်းပံ့ပိုးမှုအစီအစဉ်အရ ပဲတီစိမ်း ၅၄,၁၆၆ တန်နှင့် မြေပဲ ၅၀,၇၅၀ တန် ဝယ်ယူမည်ဟု အတည်ပြု

အိန္ဒိယအစိုးရက ဟာရီနာ၊ ဂူဂျာရတ်နှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တို့မှ ပဲတီစိမ်း ၅၄,၁၆၆ တန်ကိုလည်းကောင်း၊ မြေပဲ ၅၀,၅၇၉ တန်ကို ဥတ္တာပရာဒေ့ရှ်ပြည်နယ်မှလည်းကောင်း အနိမ့်ဆုံးပံ့ပိုးပေးသည့်ဈေးနှုန်း (MSP)ဖြင့်ဝယ်ယူရန် အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၂၅-၂၆ ခုနှစ် နွေရာသီ သီးနှံများဝယ်ယူရေးအား ဗဟိုဈေးနှုန်းပံ့ပိုးမှုအစီအစဉ် (PSS)အရ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသည် သီးနှံများ၏ ဈေးကွက်ပေါက်ဈေးမှာ အနိမ့်ဆုံးပံ့ပိုးပေးသည့်ဈေးနှုန်း (MSP) အောက်ကျဆင်းသွားသော အခါတွင် စတင်အသုံးပြုနိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က လယ်သမားများ၏အကျိုးစီးပွားကိုကာကွယ်ရန် PSS အစီအစဉ်အောက်ရှိ သီးနှံများဝယ်ယူရန် အဆိုပြုချက်ကို အတည်ပြုခဲ့ကြောင်း၊ ဝန်ကြီးသည် အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ဇွန် ၂၆ ရက်အထိ ဝယ်ယူရေးကာလကို ၁၅ ရက်သက်တမ်းတိုးရန်လည်း အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ခုနှစ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးများ၏ ထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်းကို PSS အစီအစဉ်အောက်တွင် အစိုးရကဝယ်ယူမည်ဟု လယ်သမားများအား လှုံ့ဆော်ပေးခြင်းဖြင့် ပြည်တွင်းပဲထုတ်လုပ်မှုကိုမြှင့်တင်ရန်နှင့် သွင်းကုန်မှီခိုမှုကို လျှော့ချရန် အစိုးရကခွင့်ပြုထားကြောင်းနှင့် ဤအစီအစဉ်ကို ၂၀၂၈-၂၉ ခုနှစ် အထိ နောက်ထပ်လေးနှစ်သက်တမ်းတိုးထားကြောင်း သိရသည်။

PSS အစီအစဉ်အောက်ရှိ ဝယ်ယူမှုများကို ဗဟိုအစိုးရအေဂျင်စီများဖြစ်သည့် National Agricultural Cooperative Marketing Federation of India(Nafed)နှင့် National Cooperative Consumers' Federation of India(NCCF)တို့မှ ဆောင်ရွက်ကြောင်း သိရသည်။

Source: Govt approves procurement of 54,166 tonnes moong, 50750 tonnes groundnut under PSS, The Economic Times, 12 June, 2025., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18062025_14:26

## မလေးရှား၏ စားအုန်းဆီတင်ပို့မှု မေလ၌ ၂၅ ရာခိုင်နှုန်းမြင့်တက်

မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ၂၀၂၅ ခုနှစ် ဧပြီလ၌ တန်ချိန် ၁ ဒသမ ၁၀ သန်းရှိရာ မှ ၂၅ ဒသမ ၆ ရာခိုင်နှုန်းပိုမိုလျက် မေလတွင် တန်ချိန် ၁ ဒသမ ၃၉ သန်းသို့ မြင့်တက်ခဲ့သည်ဟု မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (MPOB) မှ ပြောကြားခဲ့ကြောင်း မလေးရှားဆက်သွယ်ရေးဝန်ကြီးဌာနပိုင် Bernama သတင်းအေဂျင်စီက ဖော်ပြသည်။

မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် စားအုန်းဆီကြမ်း တန်ချိန် ၁ ဒသမ ၆၉ သန်းသာ ထုတ်လုပ်ခဲ့ပြီး မေလ၌ တန်ချိန် ၁ ဒသမ ၇၇ သန်း ထုတ်လုပ်နိုင်သည့်အတွက် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း MPOB ၏ နောက်ဆုံး ထုတ်ပြန်သည့် စားအုန်းဆီလုပ်ငန်းစွမ်းဆောင်မှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆီအုန်းသီးအဆန် (Palm kernel) ထုတ်လုပ်မှုမှာ ဧပြီလ၌ တန်ချိန် ၄၀၉,၀၉၇ ရှိရာမှ မေလတွင် ၄၂၀,၆၅၈ တန်သို့ မြင့်တက်ခဲ့ရာ ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဆီအုန်းသီးအဆန်မှ ထုတ်လုပ်သည့် ဆီကြမ်းထုတ်လုပ်မှုအနေဖြင့် ဧပြီလတွင် တန်ချိန် ၁၇၆,၆၄၄ ရှိခဲ့ရာမှ မေလ၌ တန်ချိန် ၂၁၀,၅၁၂ ဖြစ်၍ ၁၉ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ပြီး ဆီအုန်းသီးအဆန် ကြိတ်ဖတ်ထွက်ရှိမှုသည် ဧပြီလတွင် တန်ချိန် ၁၉၂,၈၅၇ ဖြစ်ပြီး မေလ၌တန်ချိန် ၂၃၁,၅၆၈ ဖြင့် ၂၀ ဒသမ ၁ ရာခိုင် နှုန်းတိုးတက်လာကြောင်း MPOB က ပြော ကြားခဲ့သည်။

သိုလှောင်မှုလက်ကျန်အနေဖြင့် စားအုန်းဆီကြမ်း လက်ကျန်မှာ ဧပြီလ၌ တန်ချိန် ၁ ဒသမ ၀၅ သန်းရှိပြီး မေလတွင် တန်ချိန် ၁ ဒသမ ၁၀ သန်းဖြစ်ရာ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ အလားတူ ပြုပြင်သန့်စင်ပြီးသော စားအုန်းဆီလက်ကျန်မှာ

ယခင်လ၌ တန်ချိန် ၈၁၄,၆၇၃ ရှိရာမှ မေလတွင် တန်ချိန် ၈၈၈,၃၄၃ အထိ တိုးတက် လာခဲ့သည်။ သို့ဖြစ်၍ စုစုပေါင်း စားအုန်းဆီလက်ကျန်အနေဖြင့် ဧပြီလတွင် တန်ချိန် ၁ ဒသမ ၈၇ သန်းရှိရာမှ မေလတွင် တန်ချိန် ၁ ဒသမ ၉၉ သန်း အထိ များပြားလာခဲ့သည်။

ဆီအုန်းသီးအဆန်မှ ကြိတ်ခွဲရရှိသည့်စားအုန်းဆီ (Palm Kernel Oil) တင်ပို့မှုအနေဖြင့် ဧပြီလ၌ ၉၈,၇၄၃ တန်ရှိရာမှ ၂၀ ဒသမ ၇ ရာခိုင်နှုန်းပိုမိုလျက် မေလတွင် ၁၁၉,၁၈၂ တန်သို့ တိုးတက်လာကြောင်း၊ ဆီအုန်းသီး အဆန်ကြိတ်ဖတ် တင်ပို့မှု သည်လည်း ယခင်လ ၁၄၀,၈၃၃ တန်မှ မေလ၌ ၁၉၃,၃၂၈ တန်ရှိသဖြင့် ၃၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း MPOB က ပြောကြားခဲ့သည်။

ဆီအုန်းကြိတ်ခွဲမှုမှရရှိသည့် စွန့်ပစ်ဓာတုဗေဒပစ္စည်းတင်ပို့မှုမှာ ဧပြီလတွင် ၂၁၉,၅၂၀ တန်ရှိရာမှ မေလ၌ ၂၃၂,၆၈၃ တန် တင်ပို့နိုင်သဖြင့် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇီဝဒီဇယ်တင်ပို့မှုအနေဖြင့် ယခင်လ ၂၃,၅၈၉ တန် တင်ပို့နိုင်ရာမှ မေလတွင် ၃၂,၈၄၈ တန် တင်ပို့နိုင်သည့်အတွက် ၃၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

မလေးရှားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် မေလတွင် ပြည်ပမှ စားအုန်းဆီကြမ်း (Crude Palm Oil) တင်သွင်းခဲ့ခြင်း မရှိကြောင်း၊ ဆီအုန်းသီးအဆန်မှ ထုတ်လုပ်သည့်စားအုန်းဆီ (Palm Kernel Oil) ကို ဧပြီလ တင်သွင်းမှုတန်ချိန် ၁၄,၂၈၇ အောက် ၄၃ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျလျက် ၈,၀၇၄ တန် တင်သွင်းခဲ့ကြောင်း Bernama သတင်းဌာန၏ဖော်ပြချက်အရ သိရသည်။

Source: Bernama , 10th June, 2025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source :https://doca.gov.mm/my/node/40930

## တရုတ်နှင့် အိန္ဒိယတို့၏ စားအုန်းဆီဝယ်ယူမှု ကာလတိုအတွင်း မြင့်တက်ဖွယ်ရှိ

မကြာသေးမီကာလ၌ ဈေးနှုန်းများပြောင်းလဲခဲ့ခြင်းက အဓိကဝယ်လက်များကို ဆွဲဆောင်မှုဖြစ်ပေါ်စေခဲ့ရာ တရုတ်နိုင်ငံ နှင့် အိန္ဒိယနိုင်ငံတို့၏ စားအုန်းဆီဝယ်လိုအားသည် ရှေ့လာမည့်လအနည်းငယ်အတွင်း မြင့်တက်ဖွယ်ရှိသည်ဟု ဇွန် ၁၀ ရက်နေ့ တွင် စားအုန်းဆီလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်သူက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။

ယခင်နှစ်၌ မလေးရှားစားအုန်းဆီဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး ထိုသို့ဈေးနှုန်းများ မြင့်မားခြင်းက ပဲပုပ်ဆီကဲ့သို့သော ပြိုင်ဘက်စားသုံးဆီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို လျော့ကျမှုဖြစ်စေခဲ့သည်။ ယခုနှစ်တွင်မူ ၁၂ ရာခိုင်နှုန်းခန့် ဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့သည်။

Glenauk Economics စီးပွားရေးအတိုင်ပင်ခံလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ Julian McGill က ၎င်းတို့အနေဖြင့် တရုတ်နှင့် အိန္ဒိယတို့၏ စားအုန်းဆီဝယ်ယူမှုသည် ကာလတိုအတွင်း မြင့်တက်လာမည်ဟု ရှုမြင်ကြောင်း၊ ရှေ့လာမည့်နှစ်အတွက် စားအုန်းဆီသိုလှောင်မှုလက်ကျန်ပမာဏ မြင့်တက်မှုရှိမည့်အရေးကို စိုးရိမ်ဖွယ်မရှိကြောင်း၊ ယခင်နှစ် ဒီဇင်ဘာလကတည်းက တင်သွင်းမှုလျှော့ချခဲ့ကြသော အိန္ဒိယဝယ်လက်များအနေဖြင့် ပြိုင်ဘက်စားသုံးဆီများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းနိမ့်ကျနေမှုအရ ဇွန်လမှ သြဂုတ်လအထိ ကာလအတွက် စားအုန်းဆီကို ပြန်လည်တိုးမြှင့်ဝယ်ယူလာကြကြောင်း၊ အလားတူ တရုတ်နိုင်ငံ စားအုန်းဆီတင်သွင်းသူများသည် လည်း ၎င်းတို့၏ သိုလှောင်မှုလက်ကျန်နည်းပါးနေမှုအရ အဆိုပါကာလအတွက် ဝယ်ယူမှုများကို ပိုမိုလုပ်ကိုင် လာကြကြောင်း၊ ထိုကဲ့သို့ ဝယ်လိုအား ကောင်းမွန်မှုအရ စားအုန်းဆီဈေးနှုန်းများသည် ရှေ့လာမည့် ၆ လအတွင်း တစ်တန်လျှင် မလေးရှားရင်းဂစ် ၃,၉၀၀ မှ ၄,၂၀၀ အကြားနှုန်းထား၌ တည်ရှိနေနိုင်ကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပသည့် စားအုန်းဆီဖိုရမ်တစ်ခုတွင် ပြောကြားခဲ့သည်။

ဇွန် ၁၀ ရက်နေ့တွင် မလေးရှားစားအုန်းဆီ ကြိုတင်အရောင်းဈေးကွက်၌ စားအုန်းဆီ တစ်တန်၏ စာချုပ်ချုပ်ဆိုမှု ဈေးနှုန်းသည် ရင်းဂစ် ၃,၈၆၄ နှုန်းဖြင့် ဈေးကွက်ပိတ်သိမ်းခဲ့သည်။ စားအုန်းဆီတင်ပို့မှုသည် သြဂုတ်လ၌ အမြင့်မားဆုံးသို့ ရောက်ရှိမှုနှင့်အတူ ဝယ်လိုအား ဆက်လက်ကောင်းမွန်နိုင်ခြေမှာ အခြားစားသုံးဆီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမည့် အခြေအနေ အပေါ်မူတည်လျက်ရှိသည်ဟု Mr. McGill က ပြောဆိုထားသည်။

Source: The Edge Malaysia, 10 Jun 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source : https://doca.gov.mm/my/node/40928

## မလေးရှားနိုင်ငံ၌ စားအုန်းဆီ ထုတ်လုပ်မှုများပြားပြီး သိုလှောင်မှုလက်ကျန် မြင့်တက်

မလေးရှားနိုင်ငံတွင် ၂၀၂၅ ခုနှစ် မေလ၌ ပြည်ပသို့စားအုန်းဆီတင်ပို့မှုသည် ၆ လအတွင်း အမြင့်မားဆုံးသို့ ရောက်ရှိခဲ့သော်လည်း ပြည်တွင်းစားအုန်းဆီထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်း ဝင်ရောက်မှုတို့ များပြားလာသဖြင့် မေလသိုလှောင်မှုလက်ကျန်သည် ၈ လတာအတွင်း အများဆုံးပမာဏအဖြစ် မြင့်တက်ခဲ့ကြောင်း မလေးရှားစားအုန်းဆီလုပ်ငန်းကြီးကြပ်မှုအဖွဲ့ (MPOB) ၏ ဇွန် ၁၀ ရက်နေ့ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှား၏ မေလကုန် စားအုန်းဆီ သိုလှောင်မှုလက်ကျန်သည် ယခင်လကထက် ၆ ဒသမ ၆၅ ရာခိုင်နှုန်းပိုမိုခဲ့ပြီး ၃ လဆက်တိုက် မြင့်တက်မှုအဖြစ် တန်ချိန် ၁ ဒသမ ၉၉ သန်းသို့ ရောက်ရှိခဲ့သည်။ ၎င်းပမာဏသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလနောက်ပိုင်း၌ အများဆုံးဖြစ်သည်။

စားအုန်းဆီကြမ်း ထုတ်လုပ်မှုသည် တတိယလ ဆက်တိုက်မြင့်တက်လျက် တန်ချိန် ၁ ဒသမ ၇၇ သန်း ရှိခဲ့ရာ ဧပြီလ၌ ထုတ်လုပ်မှုထက် ၅ ဒသမ ၀၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ပြည်ပသို့ စားအုန်းဆီတင်ပို့မှုမှာ မေလတွင် တန်ချိန် ၁ ဒသမ ၃၉ သန်းရှိပြီး ယခင်လကထက် ၂၅ ဒသမ ၆ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း၊ ယခင်နှစ် နိုဝင်ဘာလနောက်ပိုင်း၌ အများဆုံးတင်ပို့နိုင်သည့်လဖြစ်ကြောင်း၊ ပြည်ပမှ ပြုပြင်ပြီးစားအုန်းဆီ ပြန်လည်တင်သွင်းမှုပမာဏသည်လည်း ဧပြီလ၌ ၅၈,၂၉၂ တန်ရှိရာမှ မေလတွင် ၆၈,၉၇၁ တန်သို့ မြင့်တက်ခဲ့ကြောင်း MPOB အဖွဲ့က ဖော်ပြသည်။

ရိုက်တာသတင်းဌာန၏ စစ်တမ်းကောက်ယူမှု၌ မလေးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် မေလအတွက် စားအုန်းဆီထုတ်လုပ်မှုသည် တန်ချိန် ၁ ဒသမ ၇၄ သန်း၊ တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၃ သန်းနှင့် သိုလှောင်မှု လက်ကျန်သည် တန်ချိန် ၂ ဒသမ ၀၁ သန်းရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

MPOB အဖွဲ့၏ အစီရင်ခံစာအရ စားအုန်းဆီ ကုန်သွယ်ရောင်းဝယ်မှုသည် အနည်းငယ်သွက်လက်မှုရှိလာကြောင်း၊ စားအုန်းဆီလက်ကျန်သည် တန်ချိန် ၂ သန်းခန့်အထိ မြင့်တက်လာနိုင်သည်ဟု ယခင်ကတည်းကပင် ဈေးကွက်အတွင်း ခန့်မှန်းထားကြကြောင်း၊ ရှေ့လာမည့်လများတွင် ထုတ်လုပ်မှုပမာဏ အပြောက်အမြား မြင့်တက်ခြင်းမရှိပါက ထိပ်တန်းဝယ်ယူသူဖြစ်သော အိန္ဒိယနိုင်ငံ၏ဝယ်လိုအားသည် ဈေးကွက်ကို အထောက်အပံ့ပြုမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့အခြေစိုက် Sunvin Group စားသုံးဆီရောင်းဝယ်လုပ်ငန်းမှ သုတေသနအကြီးအကဲ Anilkumar Bagani က ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရသည် စားသောက်ကုန်ဈေးနှုန်းများ လျှော့ချရန်နှင့် ပြည်တွင်းရှိ ဆီသန့်စင်ပြုပြင်သည့် လုပ်ငန်းများကို ကူညီပံ့ပိုးရန်အတွက် ဇွန်လဆန်းပိုင်းမတိုင်မီ၌ စားသုံးဆီကြမ်းများတင်သွင်းမှုအပေါ် စည်းကြပ်သည့် အခြေခံအကောက်ခွန်ကို ၁၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်အနည်းငယ်ကစ၍ စားအုန်းဆီ ဈေးနှုန်းသည် ပြိုင်ဘက် ပဲပုပ်ဆီထက်လျော့နည်းလျက်ရှိရာ ထုတ်လုပ်မှုအမြင့်မားဆုံးကာလ၌ပင် ဝယ်ယူတင်သွင်းရန် ဝယ်လက်များအား စတင်ဆွဲဆောင်လျက်ရှိသည်ဟု မွမ်ဘိုင်းအခြေစိုက် အခြားကုန်သည် တစ်ဦးကလည်း ပြောကြားခဲ့သည်။

Source: The Star, 10 Jun 20252025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source :https://doca.gov.mm/my/node/40932

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်

အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုသည် ဇီရာ၊ နနွင်း၊ ဟင်းခတ်အမွှေးအကြိုင်ဆီ/ အဆီအနှစ်များ (oleoresins)နှင့် ငရုတ်ကောင်းစသည့် ထွက်ကုန်များအတွက် ပြည်ပဝယ်လိုအားမြင့်တက်လာမှုကြောင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထက် ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း The Hindu Bsinessline သတင်းဌာနက ဇွန်လ ၁၀ ရက်တွင် ဖော်ပြသည်။

ယင်းသို့ ၂၀၂၅ ဘဏ္ဍာနှစ်တွင် စံချိန်တင်တင်ပို့နိုင်ခဲ့သော်လည်း ငရုတ်သီးသည် ဈေးနှုန်းကျဆင်းမှုကြောင့် တင်ပို့မှုတန်ဖိုးကျဆင်းခဲ့ကြောင်းတွေ့ရသည်။ ငရုတ်သီးသည် အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်ထုတ်ကုန်များအနက် ပမာဏနှင့်

တန်ဖိုးနှစ်ခုစလုံးတွင် အကြီးဆုံးထုတ်ကုန်အဖြစ်ဆက်လက်တည်ရှိနေပြီး စုစုပေါင်းဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု၏ လေးပုံတစ်ပုံကျော်ကို ကိုယ်စားပြုကြောင်း သိရသည်။

၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ငရုတ်သီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံရှိပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀ ဘီလီယံရှိခဲ့ရာမှ ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ဈေးနှုန်းကျဆင်းမှုသည် ငရုတ်သီးတင်ပို့မှုကိုထိခိုက်ခဲ့သော်လည်း ပမာဏအားဖြင့် တန်ချိန် ၇ ဒသမ ၁၅ သိန်း(ယခင်နှစ်က တန်ချိန် ၆ ဒသမ ၀၁ သိန်း)အထိ ၁၉ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ကြောင်း သိရသည်။

ဟင်းခတ်အမွှေးအကြိုင်ထုတ်ကုန်များအနက် ဒုတိယအကြီးဆုံးဖြစ်သော ဇီရာ (cumin) တင်ပို့မှုသည် တန်ဖိုးအားဖြင့် ၅ ရာခိုင်နှုန်းမြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၃၅ သန်း ယခင်နှစ်က အမေရိကန်ဒေါ်လာ ၇၀၀ ဒသမ ၃၇ သန်း ရှိခဲ့ကြောင်း တွေ့ရသည်။ ပမာဏအားဖြင့် ဇီရာတင်ပို့မှုသည် ၃၉ ရာခိုင်နှုန်းကျော်တိုးတက်လာပြီး တန်ချိန် ၂ ဒသမ၂၉ သိန်း (ယခင်နှစ်က တန်ချိန် ၁ ဒသမ ၆၅ သိန်း)ရှိခဲ့ကြောင်း သိရသည်။ “၂၀၂၄-၂၅ ဘဏ္ဍာနှစ်မှာ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုစံချိန်တင်ခဲ့သည်။ လက်ရှိဘဏ္ဍာနှစ်အတွက်ဆိုရင် တစ်ခြားနိုင်ငံတွေမှာထုတ်လုပ်မှုလျော့ချတာတွေရှိလာတဲ့အတွက် ဟင်းခတ်အမွှေးအကြိုင်သီးနှံတင်ပို့မှုအားလုံးနီးပါးအတွက် မျှော်လင့်ချက်ကောင်းတွေ တွေ့နေရတယ်” ဟု All India Spices Exporters Forum ၏ဥက္ကဋ္ဌ Emmanuel Nambusseril က ပြောကြားခဲ့သည်။

ဟင်းခတ်အမွှေးအကြိုင်များ ထုတ်လုပ်၊ တင်ပို့၊ သုံးစွဲမှုတွင် အကြီးဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် လာမည့်ငါးနှစ်အတွင်း ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုကို နှစ်ဆတိုးမြှင့်ရန် ရည်မှန်းထားကာ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနှင့် ၂၀၄၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိတင်ပို့ရန် ပန်းတိုင်ရည်မှန်းချက်ထားနေကြောင်း သိရသည်။

ဟင်းခတ်အမွှေးအကြိုင်ဆီ/အဆီအနှစ်များတင်ပို့မှုသည် ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးအားဖြင့် ၈ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၉၂ သန်း(ယခင်နှစ်က အမေရိကန် ဒေါ်လာ ၄၉၇ ဒသမ ၉၈ သန်း)ရှိခဲ့ကြောင်း တွေ့ရသည်။ ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်းတိုးတက်လာပြီး တန်ချိန်သိန်း ၄ ဒသမ ၅၃ သိန်း(ယခင်နှစ်က တန်ချိန် ၄ ဒသမ ၁၂ သိန်း)ရှိခဲ့ကြောင်း သိရသည်။

နနွင်းတင်ပို့မှုသည် ပမာဏမြင့်တက်မှုကြောင့် တန်ဖိုး ၅၁ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန် ဒေါ်လာ ၃၄၁ သန်း (ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၂၆ သန်း)ရှိခဲ့ကာ တင်ပို့မှုပမာဏသည်လည်း ၉ ရာခိုင်နှုန်းတိုးတက်လာပြီး တန်ချိန် ၁ ဒသမ ၇၆ သိန်း(ယခင်နှစ်က တန်ချိန် ၁ ဒသမ ၆၂ သိန်း)ရှိခဲ့ကြောင်း တွေ့ရသည်။

အခြားအဓိကဟင်းခတ်အမွှေးအကြိုင်အမျိုးအစားတစ်ခုဖြစ်သော ပူဒီနာထွက်ကုန်များတင်ပို့မှုသည်တန်ဖိုးအမေရိကန်ဒေါ်လာ ၄၁၇ ဒသမ ၈ သန်း(ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄၁၅ ဒသမ ၄၀ သန်း)ဖြင့် အနည်းငယ်တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ ပမာဏအားဖြင့် ၂၇,၂၈၂ တန်(ယခင်နှစ်က ၂၇,၆၅၈ တန်)ဖြင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ဟင်းချက်မှုန့်(Curry powder)နှင့် အနှစ်များတင်ပို့မှုသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၁၂ သန်းမှ ၁၇ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၂၄၇ ဒသမ ၅၉ သန်းရှိခဲ့ကြောင်း တွေ့ရသည်။ ၎င်း၏တင်ပို့မှု ပမာဏသည်လည်း ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ၇၇,၁၅၁ တန်(ယခင်နှစ်က ၇၂,၄၂၀ တန်)ဖြင့် ၇ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်းတင်ပို့မှုသည် တန်ဖိုးအားဖြင့် ၄၀ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၅၄ သန်း (ယခင်နှစ်က အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၉၁ သန်း)ရှိခဲ့ကာ ပမာဏအားဖြင့် ၁၆ ရာခိုင်နှုန်း တိုးတက်လာပြီး ၂၀,၈၃၀ တန် (ယခင်နှစ်က ၁၇,၈၉၀ တန်)ရှိခဲ့ကြောင်း တွေ့ရသည်။

ဖာလာ(အသေး)တင်ပို့မှုသည်လည်း ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၅၂ သန်းမှ ၅၃ ရာခိုင်နှုန်း သိသိသာသာတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၆၅ သန်းရှိခဲ့ကြောင်း တွေ့ရသည်။ ပမာဏအားဖြင့် တင်ပို့မှုသည် ၆,၇၂၇ တန် (ယခင်နှစ်က ၆,၁၆၈ တန်)ဖြင့် ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရ သည်။

Source: The Hindu Businessline, India’s spice exports hit a new high of $4.72 billion in FY25 on strong demand, June 10, 2025.,

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:[https://myantrade.gov.mm/article/STP(Ygn)_16062025_12:35](https://myantrade.gov.mm/article/STP(Ygn)_16062025_12:35)

## ဖိလစ်ပိုင်နိုင်ငံမှ သရက်သီး၊ ငှက်ပျောသီးများအား အီဂျစ်နိုင်ငံ၏ဈေးကွက်သို့ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိ

ဖိလစ်ပိုင်နိုင်ငံသည် သရက်သီးနှင့် ငှက်ပျောသီးများကဲ့သို့သော တန်ဖိုးမြင့် ဖိလစ်ပိုင်ထွက်ကုန်များအတွက် ပိုမိုကျယ်ပြန့်သောဈေးကွက်ရှာဖွေရန် အီဂျစ်နိုင်ငံနှင့် နက်ရှိုင်းသောစိုက်ပျိုးရေးကုန်သွယ်မှုဆက်ဆံရေးကို တက်ကြွစွာကြိုးပမ်းနေကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက ဇွန်လ ၁၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel သည် ၎င်း၏လယ်ယာထွက်ကုန်များ ပြည်ပဈေးကွက် ချဲ့ထွင်ရန်အတွက် မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီး Nader Nabil Zaki နှင့် ဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုများသည် မြောက်အာဖရိကကဲ့သို့ မဟာဗျူဟာအရေးပါသည့်ရှိပြီး လျင်မြန်စွာကြီးထွားနေသော ဈေးကွက်များတွင် ပို့ကုန်များကွဲပြားစေရန်နှင့် ကုန်သွယ်မှုအခွင့်အလမ်းသစ်များကိုဖွင့်ပေးရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အာဖရိကနိုင်ငံအတွက် အရေးပါသော စီးပွားရေးဖြစ်သည့် အီဂျစ်သည် မကြာသေးမီက ဖိလစ်ပိုင်ဒူးရင်းသီးများအား ဈေးကွက်ဖွင့်လှစ်ပေးခဲ့ပြီး အလားတူဒေသတွင်း သစ်သီးဝလံများအား ဈေးကွက်သို့ပိုမိုဝင်ရောက်နိုင်စေရန် လမ်းခင်းပေးမည်ဟု Tiu Laurel က မျှော်လင့်ထားသည်။

ကုန်သွယ်ရေးဆွေးနွေးမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖိလစ်ပိုင်သည် အီဂျစ်စပျစ်သီးနှင့် အာလူးများအတွက် ပိုးမွှားအန္တရာယ်ဆန်းစစ်ချက်နှင့် အစားအစာဘေးကင်းရေးခွဲခြမ်းစိတ်ဖြာမှုကို အပြီးသတ်လုပ်ဆောင်လျက်ရှိသည်။ နှစ်နိုင်ငံဆွေးနွေးပွဲသည် ဖိလစ်ပိုင်စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုအတွက် အရှိန်အဟုန် ကြီးထွားလာစေမည်ဖြစ်သည်။ မေလနှောင်းပိုင်းတွင် ဖိလစ်ပိုင်သည် အီတလီသို့ လတ်ဆတ်သော သရက်သီးများ ပထမဆုံးသော စီးပွားဖြစ်တင်ပို့မှုကို အပြီးသတ်ခဲ့ပြီး ဥရောပဈေးကွက်တွင် ခြေရာချဲ့ထွင်ခဲ့သည်။ တစ်ချိန်တည်းတွင် ဖိလစ်ပိုင်ဒူးရင်းသီးများအား နယူးဇီလန်သို့ ပို့ဆောင်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

Source: [https://doca.gov.mm/my/node/40900](https://doca.gov.mm/my/node/40900)

## ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှု မြှင့်တင်မည်

တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော Cambodian Banana Agricultural (CBA) အထွေထွေကုမ္ပဏီလီမိတက်သည် စိုက်ပျိုးမြေဧရိယာနှင့် ထောက်ပံ့ရေးကွင်းဆက်တို့ကို ချဲ့ထွင်ခြင်းဖြင့် ယခုနှစ်အတွင်း လတ်ဆတ်သော သီးမွှေးငှက်ပျောသီးအဝါ တန် ၃၀,၀၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားသည်။

ဇွန်လ ၆ ရက်နေ့တွင် အဆိုပါကုမ္ပဏီကကျင်းပခဲ့သည့် လတ်ဆတ်သောငှက်ပျောသီးထုတ်လုပ်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ အတွင်းဝန် Kong Chanvisal က ၎င်းကုမ္ပဏီ၏ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားခဲ့သည်။ CBA ကုမ္ပဏီသည် စိုက်ခင်းဧရိယာ ဟက်တာ ၅၀၀ မှ ငှက်ပျောသီးခိုင်များကို ခုတ်ယူထုတ်လုပ်လျက်ရှိကြောင်း၊ နောက်ထပ် မြေဧရိယာ ဟက်တာ ၂၀၀ တွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ၂၀၂၆ ခုနှစ်တွင် ငှက်ပျောသီးများ ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ လက်ရှိအချိန်တွင် ကုမ္ပဏီသည် ပြည်တွင်းရှိ ဆူပါမားကက်များသို့ လတ်ဆတ်သောငှက်ပျောသီးများပေးသွင်းလျက်ရှိပြီး တရုတ်နိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် ၂၀၂၄ ခုနှစ်၌ ငှက်ပျောသီးတန်ချိန် ၂၀,၀၀၀ တင်ပို့ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၃၀,၀၀၀ အထိ တိုးမြှင့်တင်ပို့ရန် ရည်မှန်းထားကြောင်း Kong Chanvisal က ပြောကြားခဲ့သည်။

CBA ကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ၌ ငှက်ပျောစိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်မှုတွင် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘောဒီးယားနိုင်ငံသား ၉၀၀ ကျော်အား အလုပ်အကိုင်များဖန်တီးပေးခဲ့ပြီး ရပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းအသိုက်အဝန်းနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆက်သွယ်မှုတို့ကိုလည်း အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

Mr. Chanvisal က ကမ္ဘောဒီးယားနိုင်ငံတွင် သီးမွှေးငှက်ပျောစိုက်ခင်းဧရိယာ ဟက်တာ ၂၁,၀၀၀ ရှိပြီး လက်ရှိကာလ၌ ဟက်တာ ၁၅,၀၀၀ မှ အသီးခုတ်ယူထုတ်လုပ်လျက်ရှိရာ စုစုပေါင်း တန်ချိန် ၄၀၀,၀၀၀ ခန့် ထွက်ရှိကြောင်း၊ ငှက်ပျောသီးပျမ်းမျှအထွက်နှုန်းမှာ ၁ ဟက်တာလျှင် ၂၅ တန်ရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် ငှက်ပျောခြံ ၂၄ ခြံနှင့် လတ်ဆတ်သော ငှက်ပျောသီးများကို ထုပ်ပိုးသည့်စက်ရုံ ၃၆ ရုံတို့ကို တရားဝင်မှတ်ပုံတင်လျက် အသိအမှတ်ပြုထားပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံ

သည် လတ်ဆတ်သော ငှက်ပျောသီး တန်ချိန် ၂၆၀,၀၀၀ ကို ပြည်ပသို့ တင်ပို့ခဲ့ရာတွင် ယင်းပမာဏ၏ ၉၅ ရာခိုင်နှုန်းဖြစ်သော တန်ချိန် ၂၅၀,၀၀၀ ကို တရုတ်ဈေးကွက်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ကျန်ရှိသော ၅ ရာခိုင်နှုန်းကိုမူ ဗီယက်နမ်၊ တောင်ကိုရီးယား နှင့် မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့သည်။

တရုတ်ကုမ္ပဏီများအား ကမ္ဘောဒီးယားနိုင်ငံတွင် အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန်၊ အရည်အသွေးမြင့် ကမ္ဘောဒီးယား စိုက်ပျိုးရေးထွက်ကုန်များကို ရိတ်သိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် တရုတ်နှင့် ကမ္ဘာ့ဈေးကွက်များသို့ တင်ပို့ခြင်းများ ပြုလုပ်ရန်တိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကုမ္ပဏီများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေး အတွက်ပံ့ပိုးကူညီရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်အသင့်ရှိကြောင်း အတွင်းဝန် Mr. Chanvisal ကဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ရရှိစေခဲ့သည့်အပြင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံခန့်တန်ဖိုးရှိသော စိုက်ပျိုးရေးထွက်ကုန်တန်ချိန် ၁၂ သန်းကျော်ကို နိုင်ငံပေါင်း ၉၅ နိုင်ငံ သို့ တင်ပို့နိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့မှုများအနက် တန်ချိန် ၈ သိန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

Source: Phnom Penh Post, 7 June 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://doca.gov.mm/my/node/40934

## ရာသီဥတုဆိုးရွားမှုကြောင့် ကင်ညာ၏ လက်ဖက်အထွက်နှုန်းသည် ၂၀၂၅ ခုနှစ်သုံးလပတ်တွင် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့

ကင်ညာ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုသည် ရာသီဥတုအခြေအနေကြောင့် ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်တွင် ၁၈ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကင်ညာလက်ဖက်ရည်ဘုတ်အဖွဲ့ (TBK) က ဇွန်လ ၁၁ ရက်နေ့က ပြောကြားခဲ့ သည်။ TBK မှ ထုတ်ပြန်သည့် အစီရင်ခံစာအရ ကင်ညာနိုင်ငံသည် ထိုကာလအတွင်း လက်ဖက်ခြောက် ကီလိုဂရမ် ၁၃၆ ဒသမ ၉၁ သန်း ထုတ်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလက ထုတ်လုပ် နိုင်ခဲ့သော လက်ဖက်ခြောက် ကီလိုဂရမ် ၁၆၈ ဒသမ ၇၆ သန်းထက် ကျဆင်းခဲ့သည်။ အထွက်နှုန်းကျဆင်းမှုသည် အလွန်ပူပြင်းပြီး ခြောက်သွေ့သောအခြေအနေများကြောင့်ဖြစ်ပြီး ပုံမှန်အားဖြင့် မတ်လမှမေလအထိ ကြာမြင့် သော မိုးရာသီစတင်ဝင်ရောက်မှု နှောင့်နှေးမှုနှင့်အတူကျဆင်းသွားခြင်းဖြစ်ကြောင်း ဘုတ်အဖွဲ့မှ ပြောကြားခဲ့ သည်။ ကင်ညာရှိ လက်ဖက်ရောင်းဝယ်ရေးအား ကြီးကြပ်သည့် TBK က နှစ်စဉ်ထွက်ရှိမည့် အထွက်နှုန်းအပေါ် သက်ရောက်မှုမရှိသော အခြေအနေများကို မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ပထမသုံးလပတ် လမ်းကြောင်းအရ တစ်နှစ်ပတ်လုံး ထုတ်လုပ်မှုမှာ ကီလိုဂရမ် ၅၈၀ သန်းရှိမည်ဟုခန့်မှန်းထားပြီး၊ ယင်းမှာ ၂၀၂၄ ခုနှစ်တွင် ကီလိုဂရမ် ၅၉၄ သန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းသော်လည်း ၂၀၂၃ ခုနှစ်တွင် ကီလိုဂရမ် သန်း ၅၇၀ ထက် အနည်းငယ်ပိုများကြောင်း ဘုတ်အဖွဲ့ကပြောကြားခဲ့သည်။

ကင်ညာ၏ လက်ဖက်စိုက်ပျိုးသည့်ဒေသများသည် အလယ်ပိုင်းနှင့် Rift Valley ဒေသများတွင် အဓိက တည်ရှိပြီး အထွက်နှုန်းမှာ သိသာထင်ရှားစွာ ကျဆင်းနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကင်ညာအမျိုးသားစာရင်းအင်း ဗျူရို၏ သီးခြားစီးပွားရေးအစီရင်ခံစာအရ လက်ဖက်တင်ပို့မှုမှ ဝင်ငွေသည် ပထမ သုံးလပတ်တွင် ၂၀ ရာခိုင်နှုန်းကျဆင်းသွားပြီး စုစုပေါင်း ၄၆ ဒသမ ၀၇ ဘီလီယံ ရှီလင် (အမေရိကန်ဒေါ်လာ ၃၆၁ သန်းခန့်)ရှိကြောင်း ညွှန်ပြခဲ့သည်။ ကင်ညာသည် ကမ္ဘာပေါ်တွင် လက်ဖက်အား ထိပ်တန်းတင်ပို့သည့်နိုင်ငံဖြစ်သည်။ သီးနှံစိုက်ခင်းနှင့် ခရီးသွား လုပ်ငန်းတို့နှင့်အတူ နိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားငွေရရှိနေသော ကဏ္ဍများထဲမှ တစ်ခုအပါအဝင်လည်းဖြစ်ကြောင်း သိရသည်။

Source : https://doca.gov.mm/my/node/40901

## Odisha ပြည်နယ်မှ ထွက်ရှိသည့် သရက်သီးများသည် ယခုအခါ ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံများသို့ တင်ပို့မှုမြင့်တက်

အိန္ဒိယနိုင်ငံ၊ Odisha ပြည်နယ်သည် ၎င်း၏သရက်သီးတင်ပို့သည့်နိုင်ငံများစာရင်းတွင် ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့ ပါဝင်လာပြီးနောက် ပြည်နယ်၏စိုက်ပျိုးရေးပို့ကုန်စင်တာအဖြစ် ပေါ်ထွန်းလာမှုအတွက် အောင်မြင်မှုတစ်ခုအဖြစ် အားဖြည့်ပေး ခဲ့ကြောင်းနှင့် ယခင်က သရက်သီးကို ဒူဘိုင်း၊ လန်ဒန်၊ ဘာမင်ဂမ်၊ ရောမ၊ ဗင်းနစ်နှင့် ဒပ်ဗလင်တို့အပါအဝင် ကြီးထွားလာနေ သော နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

သစ်သီးဝလံပန်းမန်ဌာန(DDH)၏ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Gitashree Padhi က ပြင်သစ်နှင့် ဘယ်လ်ဂျီယံကဲ့သို့ ဈေးကွက်များတွင် Odisha သရက်သီးများကို တင်ပို့ရောင်းချနိုင်မှုမှာ မိမိတို့တောင်သူလယ်သမားများ၏ အလားအလာနှင့် သစ်သီးဝလံပန်းမန်ဥယျာဉ်ဂေဟစနစ်၏ ခိုင်မာမှုကို ထင်ဟပ်စေကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် ၂၀၂၅ ခုနှစ် ဇွန်လ ပထမပတ်အတွင်း သရက်သီး ၁၁၃ ဒသမ ၄ မက်ထရစ်တန်(MT)ကို လန်ဒန်နှင့် ဒူဘိုင်းသို့ တင်ပို့ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်မေလတွင် စတင်သည့်ဘဏ္ဍာနှစ်အတွက် Odisha ၏ လယ်ယာတင်ပို့မှုပမာဏသည် တန်ချိန် ၁၀၀ နီးပါးရှိခဲ့ကြောင်းနှင့် ယင်းတင်ပို့မှုတွင် Odisha ၏ ထင်ရှားသည့်သရက်သီးများသည့် Amrapalli နှင့် Dashehari မျိုးကွဲများတင်ပို့မှု အများအပြားပါဝင်ကြောင်း သိရသည်။

ဈေးကွက်အသစ်များချဲ့ထွင်နိုင်ခြင်းသည် Odisha ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးအသိုက်အဝန်းသို့ တိုက်ရိုက်အကျိုးခံစားခွင့်များရရှိစေခဲ့ကြောင်း၊ လယ်သမားများသည် ဈေးကွက်သို့တိုက်ရိုက်တင်ပို့နိုင်မှု၊ အရည်အသွေးကောင်းမွန်သော စံချိန်စံညွှန်းများနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ၎င်းတို့၏ သရက်သီးဈေးနှုန်းများကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပိုမိုရရှိခဲ့ကြကြောင်း သိရသည်။

၂၀၂၄-၂၅ ခုနှစ်တွင် Odisha ပြည်နယ်သည် နိုင်ငံတကာဈေးကွက် ၇ ခုသို့ ဝင်ရောက်နိုင်ခဲ့ပြီး ၂၀၂၅-၂၆ ခုနှစ်၏ ပထမလအနည်းငယ်တွင် အဆိုပါနိုင်ငံအရေအတွက်နှင့်ပို့ကုန်ပမာဏနှစ်မျိုးလုံးကို ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတိုးတက်မှုအရှိန်အဟုန်သည် Odisha ပြည်နယ်အစိုးရ၏ စိုက်ပျိုးရေးပို့ကုန်ကဏ္ဍတွင် ဗဟိုစင်တာတစ်ခုအဖြစ် ဦးဆောင်သည့် ပြည်နယ်ဖြစ်ရန် အာရုံစိုက်ကြိုးပမ်းမှုများကို ထင်ဟပ်စေသည်။

Source: Odisha mangoes now in France, Belgium as exports Soar, The Economic Times, 6 June, 2025.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_11062025_13:27

## အိန္ဒိယလက်ဖက်ခြောက်ဈေးသည် ရုရှား၊ အီရန်၊ အီရတ်နှင့် UAE တို့မှ ဝယ်လိုအားများလာခြင်းကြောင့် ၁၈ ရာခိုင်နှုန်းမြင့်တက်

ရုရှား၊ အီရန်၊ အီရတ်နှင့် UAE ကဲ့သို့သောဈေးကွက်များမှ ဝယ်လိုအားအားကောင်းမှုကြောင့် အိန္ဒိယလက်ဖက်ခြောက်ဈေးသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပထမလေးလတွင် ၁၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပြည်ပတင်ပို့ရန် ဝယ်လိုအားဆက်လက်အားကောင်းနေမှုနှင့် စားသောက်ကုန်ကုမ္ပဏီကြီးများဖြစ်သော Hindustan Unilever နှင့် Tata Consumer Products တို့က ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များအတွက် ဝယ်ယူမှုများတိုးမြင့်လျက်ရှိမှုတို့နှင့်အတူ လေလံရောင်းချသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက လက်ဖက်ခြောက်ဈေးနှုန်းမှာ ဆက်လက်အားကောင်းနေပြီး ပြည်ပတင်ပို့မှုမှာလည်း ယခင်နှစ် တင်ပို့ရောင်းချမှုအခြေအနေအတိုင်း ဆက်လက်ရှိတည်ရှိနေမည်ဟု မျှော်မှန်းလျက်ရှိနေကြသည်။

သို့သော်လည်းလက်ဖက်ခြောက်ထုပ်ရောင်းချသည့်ကုမ္ပဏီများသည် ဈေးကွက်ဝေစုဆုံးရှုံးခြင်း အန္တရာယ်ကို မလိုလားသောကြောင့် ပြည်တွင်းစားသုံးသူများအတွက်ဈေးနှုန်းတိုးမြှင့်ရန် လောလောဆယ်အစီအစဉ်မရှိသေးကြောင်း ကုန်သည်အသင်းအဖွဲ့များက ပြောကြားထားသည်။

လက်ဖက်ဘုတ်အဖွဲ့(Tea Board)၏ကိန်းဂဏန်းများအရ ဇန်နဝါရီမှဧပြီလအတွင်း လက်လီလက်ကားဈေးသည် တစ်ကီလိုဂရမ်လျှင် ယခင်နှစ်က ၁၃၆ ဒသမ ၄၁ ရူပီးသာရှိရာမှ ယခုနှစ်တွင် ၁၆၀ ဒသမ ၄၉ ရူပီးသို့မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယလက်ဖက်ခြောက်အတွက် ဝယ်လိုအားသည် နိုင်ငံတကာတွင်အားကောင်းနေဆဲဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ရုရှားနိုင်ငံတို့မှ အိန္ဒိယလက်ဖက်ခြောက်ဝယ်လိုအားမှာ သိသိသာသာမြင့်တက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ပရီမီယံရိုးရာလက်ဖက်ခြောက်ကို ယင်းနိုင်ငံများက ဝယ်ယူကြကြောင်း၊ ယခုအရှိန်အဟုန်အတိုင်းဆက်သွားနေပါက နိုင်ငံ၏လက်ဖက်ခြောက်တင်ပို့မှုသည် မနှစ်ကတင်ပို့မှုထက်ကျော်လွန်သွားနိုင်ကြောင်း ကော်လ်ကတ္တားမြို့အခြေစိုက် လက်ဖက်တင်ပို့ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Asian Tea ၏ ဒါရိုက်တာ Mohit Agarwal က ပြောကြားထားသည်။

အာသံရိုးရာလက်ဖက်ခြောက်၏ဈေးနှုန်းသည်လေလံပွဲ၌ တစ်ကီလိုလျှင် ၃၁၄ ရူပီးအထိ စံချိန်တင်မြင့်မားခဲ့ကြောင်း၊ Guwahati နှင့် Kolkata ရှိ ဒုတိယတန်းစားလက်ဖက်ခြောက်များသည် ဇွန်လဒုတိယပတ်မှစတင်၍ လေလံတင်ရောင်းချသည့်

စင်တာများသို့ စတင်ရောက်ရှိမည်ဖြစ်ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်အတွက် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ အိန္ဒိယလက်ဖက်ခြောက်များကိုဆက်လက်ဝယ်ယူနိုင်သောကြောင့် စံချိန်တင်ထုတ်လုပ်မှုနှင့်ဈေးနှုန်းများကိုဆက်လက်မျှော်လင့်ထားနိုင်ကြောင်း Agarwal မှပြောကြားခဲ့သည်။

အိန္ဒိယသည် ၂၀၂၄ ခုနှစ်တွင် လက်ဖက်ခြောက်ကီလိုဂရမ် ၂၅၅ သန်း၊ တန်ဖိုးရူပီး ၇၁,၁၁၀ သန်းအားတင်ပို့ခဲ့ပြီး ကမ္ဘာ့လက်ဖက်ခြောက်တင်ပို့မှုတွင် ယခင်က အဆင့် ၄ နေရာတွင်ရှိရာမှ အဆင့် ၃ နေရာရှိ သီရိလင်္ကာနိုင်ငံကို အစားထိုးရယူနိုင်ခဲ့ကြောင်း၊ လက်ဖက်တင်ပို့မှုတွင် အာသံပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့မှတင်ပို့မှုသည် စုစုပေါင်း ကီလိုဂရမ် ၁၅၄ ဒသမ ၈၁ သန်း၊ တန်ဖိုးအားဖြင့် ရူပီး ၄၈,၃၃၀ သန်းထိရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပထမလေးလအတွင်း ထုတ်လုပ်မှုသည်လည်း ယခင်နှစ်ထက် တိုးမြင့်လာခဲ့ကြောင်း၊ လက်ဖက်လုပ်ငန်းရှင်များက လက်ဖက်ခြောက်များအား အပြင်းအထန်ဝယ်ယူနေကြသော်လည်း စားသုံးသူများအတွက် ဈေးနှုန်းမြင့်ရန် လောလောဆယ်အစီအစဉ်မရှိသေးကြောင်း၊ ဈေးနှုန်းများအနည်းငယ်တက်သွားနိုင်ကြောင်း၊ သို့ရာတွင် ယခုအချိန်တွင် ပြောကြားရန်မှာစောနေသေးကြောင်း၊ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် ဈေးကွက်ဝေစုဆုံးရှုံးခြင်းကို မည်သူမျှမလိုလားကြကြောင်း၊ ဂူဂျာရတ်အခြေစိုက် Jivraj Tea ၏ ဥက္ကဋ္ဌ Viren Shah က ပြောကြားခဲ့သည်။

ကော်လ်ကတ္တားလက်ဖက်ကုန်သည်များအသင်း၏အတွင်းရေးမှူး J Kalyanasun daram က HUL နှင့် Tata Consumer Products ကဲ့သို့သော အဓိကကုမ္ပဏီများသည် အစိုးရကပြုလုပ်သည့် ၁၀၀ ရာခိုင်နှုန်း ကြိတ်ခွဲထားသည့် လက်ဖက်ခြောက်မှုန့် (100% CTC dust teas)လေလံပွဲတွင် ဝယ်ယူမှုများတိုးမြင့်ခဲ့ပြီးနောက် လက်ဖက်ခြောက်မျိုးစုံ၏ ဈေးနှုန်းများမှာ တစ်ကီလို ဂရမ်လျှင် ၁၉ ရူပီး မှ ၂၀ ရူပီး အထိတက်သွားကြောင်း ပြောကြားခဲ့သည်။

Source: India tea prices rise 18% as demand surge from Russia, Iran, Iraq and UAE, 5 June, 2025.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_11062025_13:34

## အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးကောင်းစွာရွာသွန်းမှုကြောင့် သဘာဝရော်ဘာထုတ်လုပ်မှုများ တိုးမြင့်လာဖွယ်ရှိ

အိန္ဒိယနိုင်ငံ Kerala ပြည်နယ်တွင် မုတ်သုံမိုးကောင်းစွာရွာသွန်းမှုကြောင့် သဘာဝရော်ဘာစိုက်တောင်သူများ၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အနည်းဆုံးထုတ်လုပ်မှု ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

အိန္ဒိယရော်ဘာရောင်းဝယ်သူများအဖွဲ့ချုပ်(Indian Rubber Dealers' Federation )ဥက္ကဋ္ဌ George Valy က "မိုးကြောင့် ရော်ဘာခြစ်ရက်တွေ မဆုံးရှုံးဘူးဆိုရင် မနှစ်ကထက်ထုတ်လုပ်မှုတိုးလာပါလိမ့်မယ်"ဟု businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုမှာ တန်ချိန် ၈၅၇,၀၀၀ ရှိခဲ့ကြောင်း တွေ့ရသည်။

သို့ရာတွင် နိုင်ငံတကာဈေးကွက်တွင် ရော်ဘာတုံး(block rubber)ဈေးနှုန်းများကျဆင်းနေခြင်းက ပြည်တွင်းဈေးနှုန်းများကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ အဆိုပါရော်ဘာတုံးဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်ပတ်အတွင်း ၁၅၆ ရူပီး မှ ၁၄၂ ရူပီးသို့ ၁၄ ရူပီးကျဆင်းခဲ့ကြောင်း သိရသည်။ ယင်းအခြေအနေသည် ပြည်တွင်းသဘာဝရော်ဘာဈေးနှုန်းများကို သက်ရောက်မှုရှိနိုင်ပြီး စက်မှုလုပ်ငန်းများအတွက် ပြည်ပမှတင်သွင်းမှုရွေးချယ်စရာများ ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်သို့ ယခုလလယ်ပိုင်းမှစ၍ ဇူလိုင်နှင့် ဩဂုတ်လများအထိ ရော်ဘာအသစ်များ ဝင်ရောက်လာမည်ဟု မျှော်မှန်းရပြီး ယင်းမှာစိုက်ပျိုးသည့်ဒေသများတွင် မိုးကောင်းစွာရွာသွန်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ စိုက်ခင်းများစွာတွင် သစ်ပင်များကို မိုးဒဏ်ခံနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ရော်ဘာအဓိကသုံးစွဲသောလုပ်ငန်းများ အထူးသဖြင့် တာယာထုတ်လုပ်သူများသည်လည်း ဈေးကွက်မှဝယ်ယူနေကြသော်လည်း ပြည်ပမှဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယေဘုယျအားဖြင့် ယခုရာသီတွင်ဈေးနှုန်းအတက်အကျများစွာမရှိဘဲ ဈေးကွက်အခြေအနေပိုမိုကောင်းမွန်နေကြောင်း၊ ယခုလ ၄ ရက်နေ့အထိ RSS IV အမျိုးအစား ရော်ဘာဈေးနှုန်းများသည် တစ်ကီလို ဂရမ်လျှင် ၁၈၉ ရူပီးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း Valy က ပြောကြားခဲ့သည်။

Harrisons Malayalam Ltd ၏ အမှုဆောင်အရာရှိချုပ် Santosh Kumar ၏ပြောကြားချက်အရ စိုက်ပျိုးသည့်ဒေသများတွင် မိုးစောစီးစွာရွာသွန်းခြင်းက လာမည့်လများတွင် ပိုမိုကောင်းမွန်သော ရိတ်သိမ်းမှုအတွက် မျှော်လင့်ချက်များ မြင့်တက်စေခဲ့ကြောင်း သိရသည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း တွေ့ကြုံခဲ့ရသော ရာသီဥတုနှင့်ပတ်သက်သည့် မရေရာမှုများအပေါ် စိုးရိမ်ပူပန်မှုများရှိနေကြောင်း၊ နှစ်အစပိုင်းတွင် မုတ်သုံမိုးကောင်းစွာရွာသွန်းခြင်းသည် နောင်လာမည့်အခြေအနေများကို အမြဲတမ်းညွှန်ပြနိုင်မည်မဟုတ်ကြောင်း၊ မိုးရေချိန်ပမာဏသာမက မိုးရွာသွန်းမှုပုံစံ၊ မှိုရောဂါဖြစ်ပွားမှုနှင့် မကြာသေးမီကတွေ့ရှိရသော အရွက်ကြွေကျမှုတို့ကလည်း စိုက်ပျိုးသူများကို စိုးရိမ်ပူပန်စေကြောင်း သိရသည်။

နောက်ထပ်စိုးရိမ်စရာတစ်ခုမှာ ဈေးနှုန်းများဖြစ်ကြောင်း၊ မကြာသေးမီက နိုင်ငံတကာဈေးကွက်တွင် အမျိုးမျိုးသော ယူဆချက်များနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ်အခြေခံ၍ ဈေးနှုန်းများ အနည်းငယ်အကျဘက်သို့ ရွေ့လျားလျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

Source: The Hindu Businessline, Good monsoon likely to boost natural rubber production, June 4, 2025.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_11062025_13:47

## သစ်နှင့် သစ်အချောထည်တင်ပို့မှုမှ ၅ လအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည်ပစ္စည်းများတင်ပို့မှုသည် ယခုနှစ် ၅ လအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉ ဘီလီယံအထိရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဦးစီးဌာန၏ အဆိုအရ သိရသည်။

မေလတစ်လတည်းတွင် ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး အမေရိကန်နိုင်ငံသည် ၅ လတာကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည်ပစ္စည်းများကို အများဆုံးတင်သွင်းသူဖြစ်ပြီး စုစုပေါင်း ၅၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းနောက်တွင် ဂျပန်နိုင်ငံမှ ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ၁၀ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးရှိကြောင်းဖော်ပြထားသည်။

အမေရိကန်နှင့် ဂျပန်သို့ သစ်နှင့် သစ်အချောထည်ပစ္စည်းတင်ပို့မှုတန်ဖိုး ၁၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၆ ဒသမ ၆ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့သော်လည်း တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ ကြောင်း သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များသည် ယခုနှစ် ဧပြီလမှစပြီး ပို့ကုန်အမှာစာများ ပိုမိုရရှိခဲ့ကြောင်း၊ ကုမ္ပဏီ အများအပြားသည် ယခုနှစ် ဒုတိယ ၃ လပတ်အတွက် အမှာစာအရေအတွက်မှာ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အထိတိုးမြင့်လာကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့် သစ်အချောထည်ထုတ်ကုန်တင်ပို့မှုမှ ယခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၁၈ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ Source: VN Economy ,

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နွိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16062025_15:50

## အီးယူသည် ဘူလ်ဂေးရီးယားကို ယူရိုငွေသုံးစွဲသောနိုင်ငံအဖြစ် ၂၀၂၆ ခုနှစ်မှစတင်၍ လက်ခံရန် မီးစိမ်းပြထား

ဥရောပကော်မရှင်နှင့်ဥရောပဗဟိုဘဏ်(European Central Bank-ECB)တို့သည် ဘူလ်ဂေးရီးယားနိုင်ငံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ ယူရိုငွေကြေးကို လက်ခံကျင့်သုံးမည့်နိုင်ငံအဖြစ် လက်ခံကြောင်း ၂၀၂၅ ခုနှစ် ဇွန်လ ၄ ရက်တွင် အသိမှတ်ပြုခဲ့ရာ ဘူလ်ဂေးရီးယားနိုင်ငံသည် ယူရိုတစ်ခုတည်းကိုသာသုံးစွဲသော ငွေကြေးနယ်ပယ်သို့ ၂၁ ခုမြောက်နိုင်ငံအဖြစ် ဝင်ရောက်လာမည်ဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံ၏စီးပွားရေးနှင့်စပ်လျဉ်း၍ဖော်ပြထားသော ပူးတွဲအစီရင်ခံစာ တစ်စောင်တွင် ယူရိုဇုန်ရှိ နိုင်ငံပေါင်း ၂၀ ၌ ဥရောပနိုင်ငံသား ၃၄၇ သန်းက လက်ရှိအသုံးပြုလျက်ရှိသော ယူရိုငွေကြေးကို လက်ခံကျင့်သုံးရန်လိုအပ်သည့် တရားဝင်စံနှုန်းများနှင့် ဘူလ်ဂေးရီးယားနိုင်ငံကိုက်ညီကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

ကော်မရှင်သည် ဘူလ်ဂေးရီးယားနိုင်ငံ၏ စီးပွားရေးနှင့်ဈေးကွက်များကို ကျန်အီးယူနိုင်ငံများနှင့် ပေါင်းစပ်လုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိနှင့် နိုင်ငံ၏ငွေပေးချေမှုအခြေအနေလမ်းကြောင်းများကိုလည်း လေ့လာကြည့်ရှုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ECB ကလည်း ဘူလ်ဂေးရီးယားနိုင်ငံသည် ယူရိုငွေကြေးတစ်ခုတည်းကိုသုံးစွဲရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် လိုအပ်သောပြုပြင်ပြောင်းလဲမှုများကိုပြုလုပ်နိုင်ရေးအတွက် ဘူလ်ဂေးရီးယား၏ကြိုးပမ်းအားထုတ်မှုအပေါ် ECB ၏အမှုဆောင်ဘုတ်အဖွဲ့ဝင် Philip Lane က ဂုဏ်ပြုကြောင်း သီးခြားအစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

ဘူလ်ဂေးရီးယားနိုင်ငံအနေဖြင့် ၎င်း၏ lev ငွေကြေးကို ယူရိုငွေကြေးသို့ ပြောင်းလဲသုံးစွဲရန် ၂၀၀၇ ခုနှစ်တွင် ဥရောပသမဂ္ဂသို့ ဘူလ်ဂေးရီးယား စတင်ဝင်ရောက်ကတည်းကပင် ကြိုးပမ်းလာခဲ့ကြောင်း၊ ယင်းသို့ ကြာရှည်စွာစောင့်ဆိုင်းခဲ့ရပြီးနောက်တွင် ဘူလ်ဂေးရီးယားနိုင်ငံသားအများစုသည် ယူရိုငွေကြေးနှင့်ပတ်သက်၍ ၅၀ ရာခိုင်နှုန်းခန့်မျှ သံသယရှိလာခဲ့ကာ ကနဦးကရှိခဲ့သော စိတ်အားထက်သန်မှုများ ပျောက်ဆုံးသွားကြောင်းကို မေလ၏ Eurobarometer စစ်တမ်းအရသိရပြီး အချို့သောဘူလ်ဂေးရီးယားနိုင်ငံသားများသည် ငွေကြေးအပြောင်းအရွှေ့ကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမည်ကို စိုးရိမ်နေကြကြောင်း ဖော်ပြထားသည်။

ဈေးနှုန်းများ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဈေးနှုန်းများမြင့်တက်လာအောင် အလွဲသုံးစားပြုလုပ်လာမှုများအား တိုက်ဖျက်ရန် အထူးအားထုတ်မှုတစ်ရပ်လိုအပ်လိမ့်မည်ဖြစ်ကြောင်း အီးယူ၏ Economic Commissioner ဖြစ်သူ Valdis Dombrovskis က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်းသိရသည်။

ဘူလ်ဂေးရီးယားသည် ယူရိုငွေစက္ကူများနှင့်ဒင်္ဂါးများကိုအသုံးပြုခြင်းအပြင် ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခြင်းဖြင့် ဥရောပဗဟိုဘဏ်၏နှုန်းထားများ သတ်မှတ်ချိန်ညှိရေးဆိုင်ရာ အုပ်ချုပ်ရေးကောင်စီတွင်လည်း ထိုင်ခုံနေရာတစ်ခုရရှိလာမည်ဖြစ်သည်။

အီးယူအမှုဆောင်အဖွဲ့၏ အပြုသဘောဆောင်သော အကြံပြုချက်မှာ ဘူလ်ဂေးရီးယားယူရိုဇုန် အဖွဲ့ဝင်ဖြစ်လာမည့်ကိစ္စအား အီးယူခေါင်းဆောင်များအနေဖြင့် ဇွန်လနှောင်းပိုင်းတွင် ထောက်ခံမှုပြုရမည်ဖြစ်ကြောင်း၊ ယင်းနောက် အီးယူဘဏ္ဍာရေးဝန်ကြီးများက lev မှ ယူရိုအဖြစ်သို့ ပြောင်းလဲသုံးစွဲမည့် ဘူဂေးရီးယား၏ ငွေကြေးလဲလှယ်နှုန်းကို ဇူလိုင်လတွင် ချိန်ညှိသွားမည်ဖြစ်ကြောင်း၊ ငွေကြေးအသွင်ကူးပြောင်းရေးအတွက် နည်းပညာပိုင်းပြင်ဆင်ရန် ယခုနှစ်၏ ကျန်ရှိသောအချိန်များအား ချန်ထားမည်ဖြစ်ကြောင်း၊ ယင်းသို့အမှုဆောင်အဖွဲ့၏ အပြုသဘောဆောင်သောအကြံပြုချက်များရရှိရန်မှာ ယူရိုဇုန်သို့ဝင်ခွင့်ရရန်လျှောက်ထားသောနိုင်ငံတစ်နိုင်ငံအတွက် စားသုံးသူငွေကြေးဖောင်းပွမှုနှုန်းသတ်မှတ်ချက်မှာ အီးယူ၏အကောင်းဆုံးနိုင်ငံ ၃ နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းထက် ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်ထက်မပိုမှသာလျှင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမည်ဖြစ်ကြောင်း၊ ဧပြီလအတွက် အကောင်းဆုံးနိုင်ငံ ၃ နိုင်ငံမှာ ပြင်သစ် သုည ဒသမ ၉ ရာခိုင်နှုန်း၊ ဆိုက်ပရပ်စ် ၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဒိန်းမတ် ၁ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြစ်ရာ ဘူလ်ဂေးရီးယားကို ၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ကန့်သတ်ထားကြောင်း ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံ၏ကြွေးမြီသည် ၂၀၂၄ ခုနှစ်တွင် ဂျီဒီပီ၏ ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး၊ ၂၀၂၅ ခုနှစ်အတွက်လည်း ဂျီဒီပီ၏ ၂၅ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိမည်ဟု မျှော်မှန်းထားပြီးဖြစ်ရာ အီးယူ၏အမြင့်ဆုံးစံသတ်မှတ်ချက်ဖြစ်သော ၆၀ ရာခိုင်နှုန်း၏အောက်တွင်ပင် ကောင်းစွာရှိနေဆဲဖြစ်သည်။

ဥရောပတွင် ယူရိုငွေကြေးစတင်ခဲ့သည့် ၁၉၉၉ ခုနှစ်မှစတင်၍ ဘူလ်ဂေးရီးယားသည် lev မှ ယူရိုသို့ ငွေလဲလှယ်နှုန်း ၁ ဒသမ ၉၅၅၈၃ ဖြင့် လဲလှယ်နိုင်ရေးအတွက် ငွေကြေးဘုတ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ယခုကဲ့သို့ ယူရိုဇုန်ဝင်ရောက်ခွင့်ကို ၎င်းတို့အနေဖြင့် အလွယ်တကူ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အစတွင် ယူရိုဇုန်သို့ ခရိုအေးရှားနိုင်ငံ နောက်ဆုံးဝင်ရောက်ခဲ့ပြီး နောက်ပိုင်း ၃ နှစ်အကြာတွင် ဘူလ်ဂေးရီးယား၏ ယူရိုဇုန်ဝင်ခွင့်လျှောက်ထားမှုကို လက်ခံခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဘူလ်ဂေးရီးယားယူရိုဇုန်သို့ ဝင်ရောက်လာပြီးနောက်တွင် အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆွီဒင်၊ ပိုလန်၊ ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ ရိုမေးနီးယားနှင့် ဒိန်းမတ်နိုင်ငံ စုစုပေါင်း ၆ နိုင်ငံသာ ယူရိုဇုန်၏ပြင်ပတွင် ကျန်ရှိတော့မည်ဖြစ်သည်။

Source: [https://www.reuters.com/markets/currencies/eu-gives-bulgaria-green-light-adopt-euro-start-2026-2025-06-04/](https://www.reuters.com/markets/currencies/eu-gives-bulgaria-green-light-adopt-euro-start-2026-2025-06-04/) , (သန္တာစေ၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17062025_16:43

## အီးယူမှ ဖိလစ်ပိုင်နိုင်ငံအား ငွေကြေးခဝါချမှုအန္တရာယ်မြင့်မားသည့်နိုင်ငံစာရင်းမှပယ်ဖျက်၍ မိုနာကိုအပါအဝင် ၉ နိုင်ငံအားထည့်သွင်း

အီးယူမှယူရောအီးနိုင်ငံအား ငွေကြေးခဝါချမှုအန္တရာယ်မြင့်မားသည့် နိုင်ငံများစာရင်းမှပယ်ဖျက်ခဲ့ပြီး မိုနာကိုအပါအဝင် အယ်ဂျီးရီးယား၊ အန်ဂိုလာ၊ အိုင်ဗရီကို့စ်၊ ကင်ညာ၊ လာအို၊ လက်ဘနွန်၊ နမီးဘီးယား၊ နီပေါနှင့် ဗင်နီဇွဲလားနိုင်ငံတို့အား ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ပိုမိုစောင့်ကြည့်ရမည့်နိုင်ငံများစာရင်းသို့ထည့်သွင်းခဲ့ကြောင်း ၂၀၂၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့က ပြောကြားခဲ့သည်။ စာရင်းမှပယ်ဖျက်သည့် နိုင်ငံများတွင် ယူရောအီးနိုင်ငံနှင့်အတူ ဘာဘာဒေါ့စ်၊ ဂျီဘရယ်လ်တာ၊ ဂျမေကာ၊ ပနားမား၊ ဖိလစ်ပိုင်နှင့် ယူဂန်ဒါတို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အီးယူမှ ယခုကဲ့သို့ပယ်ဖျက်ခဲ့ခြင်းမှာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလက ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF)မှ ဖိလစ်ပိုင်နိုင်ငံအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာစောင့်ကြည့်ရမည့် နိုင်ငံစာရင်းမှပယ်ဖျက်ခဲ့ပြီး လာအိုနှင့် နီပေါနိုင်ငံတို့အား စာရင်းထည့်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ပြင်သစ်နိုင်ငံအခြေစိုက် အဖွဲ့အစည်း FATF သည် နိုင်ငံပေါင်း ၂၀၀ ကျော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များရှိ/မရှိ မီးခိုးရောင်အဆင့်စာရင်း Grey List တွင်ပါဝင်သည့်နိုင်ငံများအား စောင့်ကြပ်စစ်ဆေးလျက်ရှိသည်။

မိုနာကိုနိုင်ငံနှင့်အခြားသော အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘူလ်ဂေးရီးယားနှင့် ခရိုအေးရှားနိုင်ငံများကို ၂၀၂၄ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ စောင့်ကြည့်ရမည့်နိုင်ငံများစာရင်းသို့ ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အီးယူကော်မရှင်၏ ငွေကြေးဝန်ဆောင်မှုဆိုင်ရာအကြီးအကဲမှ ၎င်းတို့အနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်ပါဆောင်ရွက်သွားမည်ဖြစ်သဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများပါဝင်ခြင်းအပေါ် အချိန်နှင့်တပြေးညီထုတ်ပြန်သွားခြင်းဖြစ်သည်ဟု ဖော်ပြပါရှိသည်။

FATF List တွင် ပါဝင်သည့် အီးယူအဖွဲ့ဝင်နိုင်ငံများကို အီးယူလွှတ်တော်နှင့် အဖွဲ့ဝင်နိုင်ငံများမှ အသေးစိတ်စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး ငြင်းဆန်ရန်မရှိပါက တစ်လအတွင်းအတည်ပြု၍ စောင့်ကြည့်ရမည့်နိုင်ငံများစာရင်းသို့ ထည့်သွင်းသွားမည်ဖြစ်ကြောင်း အီးယူကော်မရှင်မှပြောကြားခဲ့သည်။

မိုနာကိုအစိုးရမှ ၎င်းတို့အား အီးယူအဖွဲ့ဝင်နိုင်ငံအနေဖြင့် ထည့်သွင်းနေရာချထားခြင်းကဲ့သို့ဖြစ်နေကြောင်းနှင့် FATF မှ ချမှတ်ခဲ့သည့် Grey List မှ အချိန်တိုအတွင်းပယ်ဖျက်သွားရန် လိုအပ်သည့်အစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံရှိ အီးယူကုန်သည်ကြီးများအသင်း(The European Chamber of Commerce of the Philippines-ECCP)မှ ဖိလစ်ပိုင်နိုင်ငံအား ငွေကြေးခဝါချမှုဆိုင်ရာစောင့်ကြည့်ရမည့် နိုင်ငံစာရင်းမှပယ်ဖျက်ခံရခြင်းအားကြိုဆိုကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများသည် Grey List မှ ပယ်ဖျက်ပေးရန်ခိုင်မာသေချာသည့် အချက်အလက်များဖြစ်ကြောင်း ECCP မှ ထုတ်ဖော်ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ငွေရေးကြေးရေးလုပ်ဆောင်ချက်များ ပိုမိုပွင့်လင်းမြင်သာလာခြင်း၊ မူဝါဒစည်းမျဉ်းစည်းကမ်းများ ခိုင်မာအားကောင်းလာခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်လာနိုင်ခြင်း၏ရလဒ်များသည် လက်ရှိဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ထင်ဟပ်စေကြောင်း ဖော်ပြပါရှိသည်။ ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးလွှဲပြောင်းပေးချေမှုများ ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ဂုဏ်သိက္ခာလည်းမြင့်တက်ကာ နိုင်ငံတကာသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွဲဆောင်နိုင်သည့် တိုင်းပြည်တစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Source: https://www.abs-cbn.com/news/business/2025/6/12/eu-removes-philippines-from-high-risk-money-laundering-list-adds-monaco- , (ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17062025_14:02

## ဗီယက်နမ်နိုင်ငံ လောင်ကိုင်နယ်စပ်ဂိတ်များမှ ကုန်သွယ်မှုသည် မေလအတွင်း အမေရိကန်ဒေါ်လာ သန်း ၂၄၀ အထိ မြင့်တက်

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လောင်ကိုင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန်နှင့် ကုန်စည်ဖလှယ်မှု စုစုပေါင်းတန်ဖိုးသည် မေလတွင် အမေရိကန် ဒေါ်လာသန်း ၂၄၀ ရှိလာခဲ့ပြီး လအလိုက် ၂၉ ဒသမ ၆၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။ ၂၀၂၅ ခုနှစ်အစပိုင်းမှစတင်၍

ဒေသတွင်းနယ်စပ်ဂိတ်များမှ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၉၄၄ ဒသမ ၄ သန်းအထိရှိလာခဲ့ကြောင်း ဖော်ပြထားသည်။

ကင်းမ်သန်းအပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်တွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဓိကတင်ပို့သည့်ပစ္စည်းများမှာ သစ်ပါးလွှာများ၊ သစ်သီးများ၊ ကော်ဖီ၊ မုန့်များနှင့် ဖိနပ်များပါဝင်ကြောင်း၊ သွင်းကုန်များတွင် အဓိကအားဖြင့် ဓာတ်မြေသြဇာ၊ ဟင်းသီးဟင်းရွက်များ၊ မီးဖိုချောင်သုံးကျောက်မီးသွေး၊ ဓာတုဗေဒပစ္စည်းများ၊ သကြားလုံးများ၊ စက်ယန္တရားများနှင့် စက်ကိရိယာများ ပါဝင်ကြောင်း ဖော်ပြထားသည်။

နေ့စဉ် နယ်စပ်ဂိတ်မှဖြတ်သန်း၍သွားလာသည့် ပို့ကုန်ကားအစီးရေ ပျမ်းမျှ ၃၄၂ စီးခန့်ရှိပြီး ပို့ကုန်၊ သွင်းကုန်ကားအစီးရေ ၁၂၀ နှင့် ၂၂၂ အသီးသီးရှိကြောင်း ဖော်ပြထားသည်။

မီးရထားဖြင့် နယ်စပ်ဖြတ်ကျော်၍ ပို့ကုန်သွင်းကုန်ဆောင်ရွက်လျက်ရှိသည့် ရထားအစီးရေ ပျမ်းမျှ ၂ စီးမှ ၃ စီးခန့်ရှိပြီး မေလအတွင်း အဓိကအားဖြင့် ဆာလဖာ၊ ဓာတ်မြေသြဇာနှင့် ကျောက်မီးသွေးတင်သွင်းခြင်းနှင့် သံရိုင်းများပြန်လည်တင်ပို့ခြင်းတို့အတွက် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အမှတ် 79/CD-TTg ကို ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လောင်ကိုင်ရှိနယ်စပ်ဂိတ်များသည် လယ်ယာပို့ကုန်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တောင်ပိုင်းဒေသမှ ရာသီအလိုက်အသီးအနှံအများအပြား ရိတ်သိမ်းရာသီသို့ရောက်ရှိလာပြီဖြစ်သောကြောင့် အဆိုပါဂိတ်များမှ တင်ပို့မည့်အရေအတွက်သည် လာမည့်ကာလတွင် သိသိသာသာတိုးလာမည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားသည်။ Source: Viet Nam News , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16062025_15:21

## ဖိလစ်ပိုင်-ဟောင်ကောင်အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူညီချက်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးသတ်သွားမည်ဖြစ်

ဖိလစ်ပိုင်-ဟောင်ကောင် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူညီချက်အား ယခုနှစ် လာမည့် အောက်တိုဘာလအတွင်း အပြီးသတ်ဆွေးနွေးနိုင်ရေးမျှော်လင့်ကြောင်း ဖိလစ်ပိုင်ပြည်တွင်းအခွန်ဌာနမှ ပြောကြားခဲ့သည်။ အမြန်ဆုံးညှိနှိုင်းဆွေးနွေးပြီးစီးပါက လက်မှတ်ရေးထိုးသွားမည့်အစီအစဉ်အား နောက်ထပ်တစ်ဆင့်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအကြိမ်ဆွေးနွေးမှုအား မေလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့ ထိ ဟောင်ကောင်တွင် ပြုလုပ်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက်လိုလားချက်များ၊ တောင်းဆိုချက်များအပေါ် အပြုသဘောဆောင်သည့် လက်တွေ့အလုပ်ဖြစ်စေမည့် အမြင်သဘောထားများအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအခွန်အာဏာပိုင်အဖွဲ့အစည်းများကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အခွန်ဆိုင်ရာဖြေလျှော့ပေးမည့်ကိစ္စရပ်များ၊ အခွန်နှစ်ထပ်မကျသင့်စေရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူညီချက် ၄၄ ခုခန့်ကို လက်မှတ်ရေးထိုးထားပြီး အမေရိကန်၊ ယူကေ၊ စပိန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ တရုတ်၊ ကနေဒါ၊ သြစတြေးလျတို့ပါဝင်သည်။ ဖိလစ်ပိုင်-ကမ္ဘောဒီယား အခွန်နှစ်ထပ်မကျသင့်စေရေးသဘောတူညီချက်အား ၃ ကြိမ်ခန့်ဆွေးနွေးပြီးနောက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်၊ အခွန်ထမ်းခြင်းဆိုင်ရာ အကာအကွယ်ပေးနိုင်ရန်၊ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှုရှိစေရန်တို့အား သဘောတူညီချက်ဆိုင်ရာညှိနှိုင်းဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးသွားသင့်ကြောင်း အခွန်သုတေသနဌာနမှ တိုက်တွန်းပြောကြားခဲ့သည်။ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ဆောင်ရွက်ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ အခွန်ဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးကို ဦးစားပေးဆောင်ရွက်သွားရန်မှာလည်း အရေးကြီးသည်။ ထို့ပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ပြည်ပအလုပ်သမားများအား အခွန်နှစ်ထပ်မကျသင့်စေရေးအပေါ် အကာအကွယ်ပေးနိုင်စေရေး၊ အငြင်းပွားမှုများရှိလာပါက ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများ၊ ဒီဂျစ်တယ်ဝန်ဆောင်မှုများအပေါ် စည်းမျဉ်း၊ ဥပဒေများကို နောက်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရန်တို့လည်းပါဝင်ကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်ပြည်တွင်းအခွန်ဌာနမှ အိမ်ခြံမြေခွန်ပေးဆောင်ရမည့် လျှောက်လွှာလက်ခံမှုများကို မူလကသတ်မှတ်ထားသည့် ၂၀၂၅ ခုနှစ် ဇွန်လ ၁၄ ရက်နေ့သည် စနေနေ့ဖြစ်နေသဖြင့် အလုပ်လုပ်ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့သို့ရွှေ့ခဲ့ကြောင်း၊ ထို့ပြင် အိမ်ခြံမြေခွန်များပေးဆောင်ရာတွင် ငွေလက်ခံမည့် သတ်မှတ်ထားသည့်ဘဏ် အချို့ကိုလည်း ဘဏ်ပိတ်ချိန် ညနေ ၅ နာရီသို့ တိုးမြှင့်ပေးခဲ့သည်။ အိမ်ခြံမြေခွန်ဆောင်ခြင်းသည် နှစ်စဉ်ဝင်ငွေခွန်အပါအဝင် အခြားသောအခွန်များပေးဆောင်သကဲ့သို့ အွန်လိုင်းမှဆောင်ရွက်ရန်မရရှိသေးကြောင်းနှင့် အချို့လိုအပ်သည့်စာရွက်စာတမ်း များမှာ manual လုပ်ငန်းစဉ်များရှိနေကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အိမ်ခြံမြေခွန်အား ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံရန်သတ်မှတ်ခဲ့ပြီး Wealth Tax harmoni zation (GROWTH) ဥပဒေအရ အစိုးရ၏ဝင်ငွေရလမ်းအား တိုးချဲ့ခြင်းဖြစ်ပြီး ၂၀၃၁ ခုနှစ်တွင် မူလအခွန်နှုန်းဖြစ်သော ၆ ရာခိုင်နှုန်းသို့ ပြန်လည် ကောက်ခံသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Source: [https://www.bworldonline.com/top-stories/2025/06/ 13/ 678932/ double-taxation-talks-with-hong-kong-likely-completed-by-october/](https://www.bworldonline.com/top-stories/2025/06/13/678932/double-taxation-talks-with-hong-kong-likely-completed-by-october/) , (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_17062025_13:49](https://myantrade.gov.mm/article/STP(Ygn)_17062025_13:49)

## ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သန်းဟွာပြည်နယ်၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၆ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိမည်ဟု မျှော်မှန်း

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း သန်းဟွာပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည် ၁၀ ဒသမ ၄၈ သန်းကျော်ကြိုဆိုခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာခရီးသွားအရေအတွက်မှာ ၃၀၇,၃၀၀ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၇ ဒသမ ၇ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။ ခရီးသွားလုပ်ငန်းမှ စုစုပေါင်းဝင်ငွေသည် ဗီယက်နမ်ဒေါင် ၂၆ ဒသမ ၃၄ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ကျော်) တစ်နှစ်ထက်တစ်နှစ် ၃၂ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း၊ နိုင်ငံတကာခရီးသွားဧည့်သည်များထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၅ သန်းနီးပါးရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ပြည်နယ်သည် အားလပ်ရက်အတွင်း လာရောက်လည်ပတ်သူ ၁၅ ဒသမ ၃ သန်းကျော် ကြိုဆိုခဲ့ပြီး ခရီးသွားလုပ်ငန်းစုစုပေါင်းဝင်ငွေသည် ဗီယက်နမ်ဒေါင် ၃၃ ဒသမ ၈ ထရီလီယံ(ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ ဘီလီယံ) ကျော်လွန်သွားခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြထားသည်။

Source: VN Economy , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_16062025_14:44](https://myantrade.gov.mm/article/STP(Ygn)_16062025_14:44)

## အိန္ဒိယနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပျော်ဝင်မှုမရှိသော ဆာလဖာ တင်သွင်းမှုများအပေါ် စုပုံတင်ပို့မှုတန်ပြန်သည့်အခွန်ချမှတ်

အိန္ဒိယနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပျော်ဝင်မှုမရှိသော ဆာလဖာ(Insoluble sulphur) တင်သွင်းမှုများအပေါ် စုပုံတင်ပို့မှုတန်ပြန်သည့်အခွန်(Anti-dumping duty)ကိုချမှတ်ခဲ့ကြောင်း သိရသည်။ ၎င်းအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ဗီတာမင်-အေပါလ်မီတိတ် (vitamin-Apalmitate) တင်သွင်းမှုများအပေါ်တွင်လည်း စုပုံတင်ပို့မှုတန်ပြန်သည့်အခွန်ကို ချမှတ်ခဲ့ကြောင်း တွေ့ရသည်။

အဆိုပါဆောင်ရွက်ချက်သည် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍကို တရားမမျှတသောဈေးနှုန်းဖြင့် တင်သွင်းလာမှုအန္တရာယ် များမှကာကွယ်ရန်အတွက် အိန္ဒိယကုန်သွယ်မှုကုစားရေးညွှန်ကြားမှုဦးစီးဌာန(Directorate General of Trade Remedies-DGTR)၏အကြံပြုချက်အရ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအခွန်များသည် ချက်ချင်းအကျိုးသက်ရောက်မည်ဖြစ် ပြီး ငါးနှစ်ကြာအသက်ဝင်မည်ဖြစ်ကြောင်း သွယ်ဝိုက်ခွန်နှင့် အကောက်ခွန်ဆိုင်ရာဗဟိုဘုတ်အဖွဲ့(Central Board of Indirect Taxes and Customs-CBIC)က ယခုလ ၆ ရက်တွင် သီးခြားအသိပေးချက်နှစ်ခု ထုတ်ပြန်ကြေညာခဲ့သည်။

ကုန်သွယ်မှုကုစားရေးညွှန်ကြားမှုဦးစီးဌာန(DGTR)၏ ယခုလ(မတ်လ)စုံစမ်းစစ်ဆေးမှုအရ အဆိုပါပစ္စည်းနှစ်မျိုးစလုံးကို အိန္ဒိယနိုင်ငံသို့ နိမ့်ကျသောဈေးနှုန်းများဖြင့် တရားမျှတမှုမရှိစွာတင်ပို့လျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး ၎င်းသည် စုပုံတင်ပို့ခြင်း(Dumping)ကိုဖြစ်ပေါ်စေကာ ပြည်တွင်းထုတ်လုပ်သူများကို ထိခိုက်စေကြောင်း သိရသည်။

ပျော်ဝင်မှုမရှိသော ဆာလဖာကို အဓိကအားဖြင့် တာယာထုတ်လုပ်သူများက ရော်ဘာကိုတောင့်တင်း ခိုင်မာအောင်ပြုလုပ်ခြင်း(Rubber Vulcanisation) လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စေရန်အသုံးပြုပြီး ဗီတာမင်-အေပါလ်မီတိတ်ကိုမူ အာဟာရဖြည့်တင်းထားသော အစားအစာများနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် အသုံးပြုကြောင်းသိရသည်။ ဗီတာမင်-အေပါလ်မီတိတ်အပေါ် ချမှတ်သည့်အခွန်မှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇ မှ ၂၀ ဒသမ ၈၇ အထိရှိမည်ဖြစ်ပြီး ပျော်ဝင်မှုမရှိသော ဆာလဖာအပေါ်ချမှတ်သည့်အခွန်မှာမူ တစ်မက်ထရစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၉ မှ ၃၅၈ အထိရှိမည်ဖြစ်ကြောင်း သိရသည်။

Source: Economic Times, India slaps anti-dumping duty on insoluble sulphur from China, Japan, June 7, 2025.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16062025_12:50

## ၂၀၂၅ ခုနှစ်၏ ပထမ ၄ လတွင် ဥရောပသမဂ္ဂသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံတန်ဖိုး တင်ပို့ခဲ့သည့် ကမ္ဘောဒီးယား

၂၀၂၅ ခုနှစ်၏ ပထမ ၄ လတွင် ဥရောပသမဂ္ဂ(EU)သို့ ကမ္ဘောဒီးယား၏တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၄၉ ဘီလီယံတန်ဖိုးတင်ပို့ခဲ့ပြီး ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံစီးပွားကူးသန်းဝန်ကြီးဌာန၏ ဇွန်လ ၁၀ ရက်နေ့ကထုတ်ပြန်ချက်အရ ထို ၄ လတာကာလအတွင်း ကမ္ဘောဒီးယား၏ EU ထံမှတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၅၃ သန်းတန်ဖိုး ရှိပြီး ၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၀၃ ဘီလီယံ တန်ဖိုးရှိပြီး ၁၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

စပိန်နှင့် ဂျာမနီသည် EU တွင် ကမ္ဘောဒီးယား၏ အကြီးမားဆုံးကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၃၇ သန်းတန်ဖိုးအသီးသီးရှိကြောင်း အစီရင်ခံစာအရ သိရသည်။ EU ရှိအခြားဦးတည်ရာမိတ်ဖက်များမှာ ပြင်သစ်၊ ဘယ်ဂျီယမ်နှင့် နယ်သာလန်တို့ဖြစ်ကြောင်း သိရသည်။ ထို ၄ လတာကာလအတွင်း ကမ္ဘောဒီးယား၏ နိုင်ငံတကာကုန်သွယ်မှု တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇၂ ဘီလီယံတန်ဖိုးရှိသည့်အတွက် နိုင်ငံ၏ EU နှင့် ကုန်သွယ်မှုတန်ဖိုးမှာ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စီးပွားကူးသန်းဝန်ကြီးဌာန၏ နိုင်ငံတော်အတွင်းရေးမှူး Penn Sovicheat က တင်ပို့မှုတွင် ထိုသို့စဉ်ဆက်မပြတ်တိုးချဲ့နိုင်မှုသည် ဥရောပဈေးကွက်တွင် ကမ္ဘောဒီးယားထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကြီးထွားလာမှုကို ညွှန်ပြနေကြောင်း ပြောကြားခဲ့သည်။ EU သို့ ကမ္ဘောဒီးယား၏အဓိကပို့ကုန်များတွင် အဝတ်အထည်၊ ဖိနပ်၊ စက်ဘီးများ၊ စားသောက်ကုန်များ၊ ဆန် နှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များပါဝင်ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံသည် ထို ၄ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၀၉ သန်းတန်ဖိုးရှိသော ထုတ်ကုန်များကို ယူကေသို့တင်ပို့ခဲ့ပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ Source: https://doca.gov.mm/my/node/40788

## ဂျပန်သို့တတိယမြောက် အကြီးမားဆုံးအဝတ်အစားတင်ပို့သူဖြစ်လာသည့် ကမ္ဘောဒီးယား

ကမ္ဘောဒီးယားသည် ဂျပန်သို့တတိယမြောက် အကြီးမားဆုံးအဝတ်အစားတင်ပို့သူဖြစ်လာပြီး ၂၀၂၂ ခုနှစ်တွင် ပဉ္စမနေရာမှ မြင့်တက်လာခဲ့ကြောင်း Khmer Times သတင်းဌာန၏ ဇွန်လ ၁၀ ရက်နေ့ကတင်ပြချက်အရ သိရသည်။ ၂၀၂၅ ခုနှစ်၏ ပထမ ၃ လပတ်ကာလတွင် ဂျပန်သည် အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ၆၃ သန်း တန်ဖိုးရှိသော အဝတ်အစားများကို ကမ္ဘောဒီးယားထံမှတင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလထက် ၂၄ ဒသမ ၀၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံသည် Cambodia-Japan Economic Co-Creation Package အသစ်မှတစ်ဆင့် ချိတ်ဆက်မှုနက်ရှိုင်းလျက်ရှိကြောင်း သိရသည်။ ဂျပန်သည် လတ်တလောတွင် ကမ္ဘောဒီးယား၏ ပဉ္စမမြောက် အကြီးမားဆုံးကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး ၂၀၂၅

ခုနှစ်၏ ပထမ ၃ လတာ ကာလတွင် အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၆ သန်းရှိပြီး ၂၀၂၄ ခုနှစ် တူညီသည့် ကာလနှင့်နှိုင်းယှဉ်ပါက ၂၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ထို ၃ လတာကာလတွင် ကမ္ဘောဒီးယားမှဂျပန်သို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၆၁ သန်း တန်ဖိုးရှိပြီး ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၂၅ ဒသမ ၈၃ သန်းတန်ဖိုးရှိခဲ့ကာ ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၁၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၅၉ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယား၏ ဂျပန်သို့အဓိက ပို့ကုန်များတွင် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်၊ ပရိဘောဂ၊ အလှကုန်ပစ္စည်းများ၊ စာရွက်နှင့် ရုံးသုံးပစ္စည်းများနှင့် သားရေကုန်ပစ္စည်းများပါဝင်ကြောင်း သိရသည်။ အခြားတစ်ဖက်တွင် ကမ္ဘောဒီးယားသည် စက်ပစ္စည်းများ၊ ကားများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ပရိဘောဂ၊ ပလတ်စတစ်နှင့် ချည်ထည်တို့ကို ဂျပန်မှပြန်လည်တင်သွင်းကြောင်း သိရသည်။

Source: https://doca.gov.mm/my/node/40792

## ကမ္ဘာ့ဈေးကွက်သို့ ဝါးထုတ်ကုန်များတင်ပို့ခြင်းဖြင့် တရုတ်နိုင်ငံကျန်းရှီးပြည်နယ်တွင် စိမ်းလန်းသော စက်မှုလုပ်ငန်းများဖွံ့ဖြိုးလျက်ရှိ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းရှီး(Jiangxi)ပြည်နယ်၊ ကန်ကျိုး(Ganzhou)မြို့ရှိ Ganzhou Sentai Bamboo & Wood Co., Ltd. ၏ပြခန်းထဲတွင် နူးညံ့သောတူရိယာသံများကြားရသည်နှင့် အံ့ဩစရာမေးခွန်းတစ်ခု ပေါ်လာသည်။ "ဝါးစက်ရုံတစ်ခုထဲမှ ဘာကြောင့်ဂီတသံများကြားရသနည်း။"

ယင်းစက်ရုံအတွင်းသို့ ဝင်ကြည့်မည်ဆိုပါက အထူးပြုလုပ်ထားသော တူရိယာပေါ်ရှိ ဝါးခလုတ်များကို ထုနေသည့် ဝန်ထမ်းတစ်ဦးကို မြင်တွေ့ရမည်ဖြစ်သည်။ ၎င်းဝါးပြွန်စန္ဒယား(bamboo tube piano)ကို အဓိကအားဖြင့် ဝါးဖြင့်ပြုလုပ်ထားကြောင်း၊ ၎င်းသည် ရိုးရာပြွန်တူရိယာ(traditional tubular instrument) ၏ စက်ပိုင်းဆိုင်ရာတည်ဆောက်ပုံနှင့် ဝါးဖြင့်ပြုလုပ်ထားသော အသံပြားများ၊ အသံပြန်ကိရိယာများကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဒီဇိုင်းနှင့်ကုန်ကြမ်းနှစ်မျိုးလုံးတွင် ဆန်းသစ်မှုတစ်ရပ်ကိုမြင်တွေ့နိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ စီမံခန့်ခွဲရေးဌာနမှူး Luo Zhen က ပြောခဲ့သည်။

အဆိုပါစက်ရုံတည်ရှိရာ ရှန်းယူ(Shangyou)ခရိုင်၏ ၈၁ ဒသမ ၈ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းနေသည်။ သစ်တောဧရိယာမှု ၁ ဒသမ ၈၆ သန်း (၁၂၄,၀၀၀ ဟက်တာခန့်)ရှိပြီး မိုဆူ(moso)ဝါးတောဧရိယာသည် မူ ၂၄၀,၀၀၀ ကျော် ရှိသည်။ ကျန်းရှီးပြည်နယ်၏ ဝါးထုတ်လုပ်ရေးဒေသများထဲမှ အရေးပါသော ဒေသတစ်ခုဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ရှန်းယူခရိုင်အနေဖြင့် “ဝါးဖြင့် ပလတ်စတစ်ကိုအစားထိုးခြင်း” (replacing plastic with bamboo)ဟူသည့် စက်မှုဆိုင်ရာပုံစံ သစ်ဖော်ဆောင်ရာ၌ တက်ကြွစွာပါဝင်ခဲ့သည်။ ခရိုင်၏ဝါးကဏ္ဍကို တန်းဖိုးမြင့်လာစေရန်၊ ဂေဟစနစ်ဖြင့် သဟဇာတဖြစ်စေရန်(eco-friendly)နှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် တွန်းအားပေးဆောင်ရွက်ခဲ့သည်။

စဉ်ဆက်မပြတ်နည်းပညာဆန်းသစ်တီထွင်မှုမှတစ်ဆင့် Sentai Bamboo & Wood သည် ဝါးအသုံးပြုမှုကို အိမ်တွင်း အလှဆင်ဒီဇိုင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းစသည့်နယ်ပယ်မျိုးစုံတွင် ချဲ့ထွင်အသုံးပြုလာခဲ့သည်။ ယခုအခါ ကုမ္ပဏီအနေဖြင့် အရည်အသွေးမြင့်ဝါးထုတ်ကုန်မျိုးစုံကို ထုတ်လုပ်လာနိုင်ခဲ့သည်။

စက်ရုံပြခန်းအတွင်း၌ ဝါးထုတ်ကုန်များခင်းကျင်းပြသထားသည့်အပြင် ဝါးဗိသုကာလက်ရာများပါဝင်သည့် အထင်ကရ နေရာများ၏ဓာတ်ပုံကြီးများကိုလည်း ပြသထားသည်။ Shanghai စာကြည့်တိုက်နှင့် ဟောင်ကောင်ရှိ ပြတိုက်မှစ၍ ဂျပန်နိုင်ငံရှိ Osaka Expo ပြခန်း၊ တောင်ကိုရီးယားနိုင်ငံရှိ Samsung ရုံးအဆောက်အအုံနှင့် နယ်သာလန်နိုင်ငံရှိ Hotel Jakarta Amsterdam အစရှိသည့် အဆောက်အအုံအားလုံးတွင် ၎င်းတို့၏ ဝါးထုတ်ကုန်များကို အသုံးပြုထားကြောင်း၊ ၎င်းတို့ဝါးပစ္စည်းများ ကမ္ဘာအနှံ့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကုမ္ပဏီ၏အထွေထွေမန်နေဂျာ Xu He က ပြောခဲ့သည်။

Sentai Bamboo & Wood စက်ရုံ၏ ထုတ်လုပ်ရေးအလုပ်ရုံတွင် ထုတ်လုပ်မှုသည် အပြည့်အဝဆောင်ရွက်လျက်ရှိသည်။ စက်ရုံအလုပ်သမားများသည် ဝါးများကို လှီးဖြတ်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် ချောမွေ့အောင်ပြုလုပ်ခြင်းတို့တွင် စက်များကို ကျွမ်းကျင်စွာကိုင်တွယ်ဆောင်ရွက်နေကြသည်။

ဝါးသည် အလူမီနီယမ်အလွိုင်း(aluminum alloy)နှင့် ယှဉ်နိုင်သော(cross-grain fracture toughness) အရိုးခိုင်မာမှုရှိပြီး ၎င်း၏ longitudinal compressive strength ခံနိုင်အားသည် သာမန်ကွန်ကရစ်ထက်သာလွန်ကြောင်း၊ အင်ဂျင်နီယာနည်းပညာဖြင့် တည်ဆောက်ထားသော ဝါးအိမ်များသည် လုံခြုံစိတ်ချရပြီး တာရှည်ခံရုံသာမက စွမ်းအင်သက်သာခြင်းနှင့်

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စည်းမျဉ်းများနှင့်လည်း ကိုက်ညီမှုရှိကြောင်း ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ Xu He က ပြောသွားခဲ့သည်။

ကုမ္ပဏီ၏ထုတ်ကုန် ၉၀ ရာခိုင်နှုန်းနီးပါးကို ပြည်ပသို့တင်ပို့လျက်ရှိကြောင်း၊ ယခုထုတ်ကုန်များကို အိန္ဒိယ၊ အမေရိကန်နှင့် ဂျာမဏီနိုင်ငံများသို့ တင်ပို့ရန်အစီအစဉ်ရှိကြောင်း၊ ကုမ္ပဏီ၏ရည်မှန်းချက်မှာ တရုတ်ဝါးထုတ်ကုန်များကို ကမ္ဘာတစ်ဝှမ်းပိုမိုရောက်ရှိစေရန်နှင့် တရုတ်ဝါးလုပ်ငန်း၏ အားသာချက်နှင့် စွမ်းဆောင်နိုင်မှုကို ကမ္ဘာသို့ ပြသသွားမည်ဖြစ်ကြောင်း Xu ၏ပြောကြားချက်အရ သိရသည်။

ယခုအခါ Sentai Bamboo & Wood ကဲ့သို့သောလုပ်ငန်းများဖြင့် ရှန်းယူခရိုင်တွင် ဝါးလုပ်ငန်းဆိုင်ရာ အပြည့်စုံဆုံးသော ထုတ်လုပ်မှုကွင်းဆက်ကို တည်ထောင်နိုင်ခဲ့သည်။ ၎င်း၏ဝါးထုတ်ကုန်များကို အမေရိကန်၊ ဒိန်းမတ်၊ ဩစတြေးလျနှင့် ဂျာမနီနိုင်ငံအပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

အရင်းမြစ်။ https://en.people.cn/n3/2025/0612/c90000-20326597.html, (လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_25062025_13:41

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေချိုထွက်ကုန် တန်ချိန် ၅၅၀,၀၀၀ ကျော်မှ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော် ရရှိ

မြန်မာနိုင်ငံတွင် မွေးမြူရေးနှင့်စိုက်ပျိုးရေးကဏ္ဍကို ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ရာသီမပြတ် မွေးမြူထုတ်လုပ်လျက်ရှိသည့် ရေချိုထွက်ကုန်များမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ပြည်ပသို့ ရေချိုထွက်ကုန်တန်ချိန် ၅၅၀,၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော်ရရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ဝင်ငွေတိုးမြှင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ပို့ကုန်နှစ်ဆ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းရှင်တွေ ကြိုးပမ်းဆောင်ရွက်ရာမှာ Value added လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ သမားရိုးကျရောင်းချမှုမှ ပြောင်းလဲလုပ်ဆောင်နိုင်ရန်အတွက် ရေထွက်ကုန်တွေကို မွေးမြူမှုနှင့်အတူ အသင့်စားထုတ်လုပ်နိုင်မည်ဆိုရင် ပို့ကုန်တန်ဖိုးများမြင့်လာစေမည်ဖြစ်သည်။ ရေထွက်ကုန်တွေကို ready to eat ၊ ready to cook လုပ်ဆောင်နိုင်ခြင်းအားဖြင့် မွေးမြူသူနဲ့ ထုတ်လုပ်သူအဆင်ပြေစေပြီး နိုင်ငံအတွက်လည်း ပြည်ပဝင်ငွေ တိုးမြှင့်ရရှိနိုင်စေမည်ဖြစ်သည်။ ငါးမြစ်ချင်း၊ ငါးခေါင်းပွနဲ့ ငါးသလောက်ဆိုရင် ပြည်ပကို နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေချိုထွက်ကုန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော်ရရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပို့ကုန်တိုးမြှင့်ရရှိဖို့ ကြိုးပမ်းနေကြပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေးဗီးယားနှင့် အခြားသောနိုင်ငံအချို့သို့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးသလောက်နှင့် အခြားငါးမျိုးစုံတို့ကို အဓိကတင်ပို့လျက်ရှိပြီး ရေချိုထွက်ကုန်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ မွေးမြူထုတ်လုပ်လျက်ရှိပြီး တစ်ကန်ဖော်ချိန်၌ အခြားကန်များကို ဆက်လက်မွေးသောစနစ်ဖြင့် ငါးမွေးတောင်သူများ တစ်နှစ်ပတ်လုံး မွေးမြူထုတ်လုပ်လျက်ရှိသည်။

"ပြည်ပပို့ကုန်ဆိုရင် သူ့အရွယ်နဲ့သူ၊ သူ့လိုင်းနဲ့သူ မွေးမြူတင်ပို့နေကြောင်း၊ လက်ရှိတွင် ငါးမြစ်ချင်း တစ်ကောင်ကို တစ်ပိဿာ သုံးဆယ်ကျပ်သားကနေ ခြောက်ပိဿာကျော်ခန့်၊ ငါးခေါင်းပွဆိုရင် ရှစ်ပိဿာကျော်ခန့် မွေးမြူပြီးတင်ပို့နေကြောင်း၊ ပို့ကုန်အတွက်ဆိုရင် အစာကျွေးမများစေရန်လိုအပ်ကြောင်း၊ တစ်ကေကို သားပေါက်ကောင်ရေ ၇၀၀ ကနေ ၁၀၀၀ အထိမွေးတယ်။ ငါးစုံဆိုရင် ၁၂၀၀ အထိမွေးတယ်။ ဗီယက်နမ် မွေးမြူမှုနဲ့မတူဘူး။ ငါးအရွယ်အစားကြီးမွေးမြူတာဖြစ်တဲ့အတွက် ဂရုစိုက်ရတယ်။ အခုရက်ပိုင်းငါးဈေးကောင်းတယ်၊ ပြည်တွင်းမှာလည်းကောင်းပြီး ပြည်ပပို့ကုန်မှာလည်းကောင်းတယ်။ မနှစ်က ငါးကန်တွေ ရေမြုပ်တာကြုံခဲ့ရတော့ ဒီနှစ်မိုးရာသီမှာလည်း ဂရုစိုက်နေရကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပပို့ကုန်မှာလည်း နိုင်ငံခြားငွေရတဲ့အတွက် ပိုပြီးဂရုစိုက်ရကြောင်း၊ အစာဈေးနှုန်း အခက်အခဲရှိပေမဲ့ ပိုမိုထုတ်လုပ်မွေးမြူနိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားနေကြတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့မှ ငါးမွေးမြူရေးလုပ်ငန်းရှင်ထံမှသိရသည်။

ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းထားချိန်တွင် ငါးဈေးကွက်၌ ရေချိုထွက်ကုန်များ အရောင်းအဝယ်ကောင်းလျက်ရှိသည်။ မွေးမြူရေးကဏ္ဍတွင် နိုင်ငံတကာ၌ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်မှ အကောင်းဆုံး မွေးမြူရေးကျင့်စဉ်သို့

ပြောင်းလဲအသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း မျိုးကောင်းမျိုးသန့်များ မွေးမြူ ထုတ်လုပ်နိုင်ရန်နှင့် ဒေသမျိုးရင်းများကို ထိန်းသိမ်းနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

source: https://www.myawady.net.mm

Source: https://myantrade.gov.mm/article/naypyitaw_12062025%201355

## ပြည်ပကုန်သွယ်မှုသတင်း

### ပြည်ပသို့ ဆန်တန်ချိန် ၃ သန်း တင်ပို့ရန် လျာထား

၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၃ သန်း ပြည့်မီအောင် တင်ပို့နိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၂၆ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၆ သန်း ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၄၈၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် တန်ချိန် ၃ သန်းအထိ ပိုမိုတင်ပို့နိုင်ရန် လျာထားခြင်းဖြစ်သည်။ ယခုဘဏ္ဍာနှစ် အစောပိုင်းက ပြည်ပသို့ ဆန်တင်ပို့ခဲ့ရာ ဖိလစ်ပိုင်၊ တရုတ်၊ စပိန်၊ နယ်သာလန်နှင့် ပိုလန်နိုင်ငံများသို့ ဆန် တန်ချိန် အများဆုံးတင်ပို့နေပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နယ်သာလန်နှင့် UK နိုင်ငံများသို့ အများဆုံး တင်ပို့နေသည်။

လက်ရှိတွင် နိုင်ငံတကာဈေးကွက်သို့ ဧည့်မထ/ငစိန် အုပ်စုဝင်တွေဖြစ်သော ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11 ၊ စောရှုပ်၊ ၇၄၇ ၊ သီးပု၊ နံ့ကောက်၊ ဧယာ၊ ငွေတိုး၊ မင်းရော၊ ရွှေမန်း စတဲ့ဆန်ကြမ်းများကို အဓိကတင်ပို့နေတာဖြစ်သည်။ ယခုဘဏ္ဍာနှစ် နှစ်လအတွင်း နိုင်ငံတကာ ဈေးကွက်တွေကို ဆန်နှင့် ဆန်ကွဲတန်ချိန် ၄ သိန်းကျော် တင်ပို့ထားပြီး ဖြစ်တယ်လို့လည်း MRF က ဖော်ပြထားသော အချက်အလက်တွေအရ သိရသည်။

Source: https://onenewstvchannel.com/agriculture-breeding/export/

## အထူးဆောင်းပါးများ

### ဂျပန်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဆန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး ၃ နိုင်ငံတွင်ပါဝင်သည့် ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ဂျပန်နိုင်ငံသို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ၂၀၂၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ထုတ် The Japan News သတင်းစာတွင် “Vietnam, Thailand Aim to Grow Rice Exports to Japan” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံ၌ထွက်ရှိသော ဆန်လုံးတိုအမျိုးအစားနှင့်တူညီသည့် ဂျပိုနီကာဆန်ကို ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင်စိုက်ပျိုးထုတ်လုပ်ကာ ဂျပန်နိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် အဆိုပါဆန်ကို ဂျပန်ရိုးရာဟင်းလျာများတွင် အသုံးပြုလျက်ရှိကာလူကြိုက်များလျက်ရှိကြောင်းဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းမြင့်တက်လျက်ရှိခြင်းကို စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများအဖြစ်မှတ်ယူကာ ဂျပန်နိုင်ငံသို့ဆန်များတိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံရှိ လက်လီအရောင်းဆိုင်ကြီးတစ်ခုတွင် နိုင်ငံအတွင်းစိုက်ပျိုးထုတ်လုပ်ထားသည့် ဂျပိုနီကာဆန်ကို ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၂၇၅ ဘတ် (ယန်း ၁,၂၀၀)နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်းနှင့် အဆိုပါဈေးနှုန်းမှာ ဂျပန်နိုင်ငံတွင်ရောင်းချသည့်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက များစွာဈေးနှုန်းသက်သာလျက်ရှိကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံရှိ ဂျပန်စတိုးဆိုင်များတွင် နိုင်ငံအတွင်းစိုက်ပျိုးထွက်ရှိသည့် Sasanishiki နှင့် အခြားသော ဂျပန်ဆန်အမျိုးအစားများကိုလည်း ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၂၇၅ ဘတ်နှုန်းဖြင့်ပင်ရောင်းချလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် တစ်နှစ်ပတ်လုံး ပူပြင်းသည့်အတွက် ဆန်စပါးကိုကောင်းစွာစိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် အင်ဒီကာအမျိုးအစား ဆန်လုံးရှည်ကိုအဓိကစိုက်ပျိုးလျက်ရှိသော်လည်း လတ်တလောတွင် ဂျပိုနီကာဆန်အမျိုးအစားကို အများအပြားတိုးချဲ့စိုက်ပျိုးလာလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် ဂျပန်ဆန်အမျိုးအစားဖြစ်သည့် ဂျပိုနီကာဆန်ကို ရောင်းချရသည့်အမြတ်ငွေမှာ အင်ဒီကာဆန်ကိုရောင်းချရသည့်အမြတ်ငွေထက် ၂ ဆ များပြားလျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဂျပန်နိုင်ငံသို့ ဆန်တင်ပို့မှုပမာဏမှာ လွန်ခဲ့သော ၁၀ နှစ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ဆ များပြားခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၈၃ သန်း(ယန်း ၂၆ ဒသမ ၅ ဘီလီယံ)ရှိခဲ့ကြောင်း၊ လက်ရှိတွင် အင်ဒီကာအမျိုးအစားဆန်ကို အများဆုံးတင်ပို့လျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံတွင်အများအပြားထွက်ရှိသည့် ဂျပိုနီကာဆန်ကို ထိုင်းနိုင်ငံအတွင်း၌သာ အဓိကရောင်းချလျက်ရှိကြောင်း၊ ထိုင်းအစိုးရအနေဖြင့် ဂျပန်နိုင်ငံ၏ ဆန်ဈေးကွက်အခြေအနေကို အလေးထားစောင့်ကြည့်လျက်ရှိကြောင်းနှင့် ထိုင်းဆန်ကိုဈေးကောင်းရရှိမည့် ဈေးကွက်သို့တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ မေလတွင် အမေရိကန်စိုက်ပျိုးရေးဌာန၏ထုတ်ပြန်ချက်အရ ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဆန်တင်ပို့မှုပမာဏမှာ ၆၁ ဒသမ ၄ သန်းတန်ရှိခဲ့ကြောင်း၊ ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့ခဲ့သည့်နိုင်ငံများမှာ အိန္ဒိယနိုင်ငံ ၄၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံ ၁၃ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံ ၁၁ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ဗီယက်နမ်ဆန်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဂျပိုနီကာအမျိုးအစား ဆန်တန်ချိန် ၅၀၀ ကို “ကာဗွန်ထုတ်လုပ်မှုနည်းသည့် ဗီယက်နမ်ဆန်အမျိုးအစားသစ်” ဟူသည့်အမှတ်တံဆိပ်ဖြင့် ပထမဆုံးအကြိမ် တင်ပို့ရောင်းချခဲ့ကြောင်းနှင့် အဆိုပါဆန်ကိုစိုက်ပျိုးရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့လျော့ကျစေသည့်နည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်ခဲ့သည်ဟုဆိုကာဈေးကွက်ထိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါဆန်အမျိုးအစားအသစ်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် အရည်အသွေးစံနှုန်းများကို အလေးထားသည့် ဂျပန်ဈေးကွက်သို့ရောင်းချနိုင်ရေး ရည်ရွယ်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ဆန်ပြတ်လပ်လျက်ရှိခြင်းသည် ဗီယက်နမ်နိုင်ငံထုတ်ဆန်ကို တန်ဖိုးမြှင့်ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုသည့်ပမာဏ (Minimum Access) ထက် ကျော်လွန်တင်သွင်းလာသည့် ဆန်များကို ၁ ကီလိုဂရမ်လျှင် ၃၄၁ ယန်းနှုန်းအခွန်ကောက်ခံလျက်ရှိကြောင်း၊ သို့သော် ထိုသို့အခွန်ပေးဆောင်ပြီးတင်သွင်းရသည့်တိုင် တင်သွင်းလာသည့်ဆန်ဈေးနှုန်းမှာ ဂျပန်ပြည်တွင်း၌ ထွက်ရှိသည့်ဆန်ဈေးထက် များစွာသက်သာလျက်ရှိကြောင်း၊ ထို့ကြောင့်ဂျပန်နိုင်ငံမှ ဆန်တင်သွင်းသူများအနေဖြင့် ပြည်ပမှဆန်များကို တိုးမြှင့်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ထိုင်ဝမ်မှ ဂျပန်နိုင်ငံသို့ ဆန်တင်ပို့မှုပမာဏမှာ ၇,၇၅၉ တန်ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆ ဆကျော်မြင့်တက်ခဲ့ကြောင်း၊ ထိုင်ဝမ်ဆန်နှင့် ဂျပန်ဆန်မှာ အရသာတူညီသည့်အပြင် ဆန်စိုက်ပျိုးသည့်နည်းပညာလည်းတူညီကြကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများမှ ဆန်တင်သွင်းမှုပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ပြည်ပမှ တင်သွင်းသည့် ဆန်ဈေးနှုန်းနှင့် ပြည်တွင်းထုတ် ဆန်ဈေးများစွာ ကွာဟလာမည်ဆိုပါက ဂျပန်နိုင်ငံမှ တောင်သူများအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်မည်ဖြစ်သည့်အတွက် ဂျပန်အစိုးရအနေဖြင့် ပြည်ပမှဆန်တင်သွင်းမှု လျှော့ချသွားနိုင်ဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

Source: The Japan News , (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_20062025_12:59](https://myantrade.gov.mm/article/STP(Ygn)_20062025_12:59)

## ယူဂန်ဒါနိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် တရုတ်နိုင်ငံ၏ ကြီးထွားလာနေသော ဈေးကွက်ကို ပစ်မှတ်ထား

တရုတ်နိုင်ငံ၏ လျင်မြန်စွာတိုးတက်လျက်ရှိသော ကော်ဖီဈေးကွက်တွင် ဝယ်လိုအားမြင့်တက်နေမှုကြောင့် တရုတ်ရင်းနှီးမြှုပ်နှံသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယူဂန်ဒါရှိ ကော်ဖီစိုက်တောင်သူများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရန် ယူဂန်ဒါနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အရှေ့အာဖရိကရှိ ယူဂန်ဒါနိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ ကော်ဖီစိုက်တောင်သူများ၏ သမဝါယမစိုက်ခင်းများသို့ သွားရောက်လေ့လာခဲ့ပြီးနောက် တရုတ်သံရုံးနှင့် ယူဂန်ဒါအစိုးရတို့မှ တာဝန်ရှိသူများနှင့်အတူ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်များ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးကိုခိုင်မာစေမည့် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည်ဟု ယူဂန်ဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Vincent Bagiire

က Uganda–China Coffee Trade and Investment Conference ၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်၏ရည်ရွယ်ချက်သည် ယူဂန်ဒါနိုင်ငံ၏ ကော်ဖီအလားအလာကို ပြသရန်၊ တန်ဖိုးမြင့်ထုတ်လုပ်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်၊ ယူဂန်ဒါကော်ဖီကို တစ်ကမ္ဘာလုံး၌ ဈေးကွက်မြင့်တင်ရန်ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့ပြီး အီသီယိုးပီးယားပြီးလျှင် အာဖရိက၏ ဒုတိယအကြီးဆုံး ကော်ဖီထုတ်လုပ်သူဖြစ်သည့် ယူဂန်ဒါနိုင်ငံသည် ကြီးမားသည့် တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် အရည်အသွေးမြင့်နှင့် အထူးကော်ဖီများကို ဝယ်လိုအားတိုးလာခြင်းကြောင့် ယူဂန်ဒါနိုင်ငံ၏ အရည်အသွေးမြင့် အာရေးဗီးကားနှင့် ရိုဘတ်စတာကော်ဖီစေ့များသည် တရုတ်နိုင်ငံ၏ ဝယ်လိုအားကိုဖြည့်ဆည်းရန် အဆင်သင့်ရှိသည်ဟု Bagiire မှပြောကြားခဲ့ပြီး တရုတ်နိုင်ငံသို့ ယူဂန်ဒါနိုင်ငံမှ ကော်ဖီတင်ပို့မှုမှာ သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လတစ်လတည်း၌ပင် ၁၉၀ ရာခိုင်နှုန်းတိုးလာကာ အာရှတိုက်တွင် တရုတ်နိုင်ငံကို ယူဂန်ဒါ၏ဒုတိယမြောက် ကော်ဖီဈေးကွက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံဆိုင်ရာ ယူဂန်ဒါသံအမတ်ကြီး Oliver Wonekha က အဆိုပါခရီးစဉ်သည် ကော်ဖီကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကိုမြင့်တင်ရန်အတွက် ယူဂန်ဒါနှင့်တရုတ်နိုင်ငံတို့အကြား မျှဝေကတိကဝတ်ကို သက်သေပြလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူဂန်ဒါ၏ကော်ဖီကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အသေးစားတောင်သူလယ်သမား သန်းပေါင်းများစွာကို ပံ့ပိုးကူညီပေးကာ နိုင်ငံ၏ GDP ကို သိသိသာသာပံ့ပိုးပေးထားကြောင်း၊ နိုင်ငံတကာ၌ ယူဂန်ဒါ၏ အာရေးဗီးကားနှင့် ရိုဘတ်စတာကော်ဖီမျိုးများကိုကြိုက်နှစ်မှုကြောင့်ယူဂန်ဒါသည်တရုတ်နိုင်ငံ၏ကော်ဖီဈေးကွက်တွင်လည်းနှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိရာ တရုတ်နိုင်ငံ၏ တိုးတက်လျက်ရှိသော ကော်ဖီဈေးကွက်၏ ဝယ်လိုအားကိုဖြည့်ဆည်းရန် ကောင်းမွန်သော အနေအထားတွင်ရှိနေကြောင်း Wonekha က ပြောကြားခဲ့သည်ဟု သိရသည်။

ယူဂန်ဒါနိုင်ငံသည် အခက်အခဲများကိုကျော်လွှားကာ ၎င်းတို့၏ကော်ဖီကို တရုတ်နိုင်ငံရှိ ကော်ဖီသောက်သုံးသူများထံသို့ ရောက်ရှိစေရန် ဆောင်ရွက်မည်ဟု ကတိပြုထားကြောင်း၊ "ယူဂန်ဒါနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုနှင့် တရုတ်နိုင်ငံ၏ ကြီးမားသည့်ဈေးကွက်ကိုအသုံးချကာ ဖက်စပ်လုပ်ငန်းများကိုတည်ထောင်နိုင်ရေး အတူတကွပူးပေါင်းဆောင်ရွက်ကြရန်နှင့်စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် ပြုပြင်ထုတ်လုပ်မှုများကိုမြင့်တင်ရန်အတွက် နည်းပညာလွှဲပြောင်းမှုကို ဦးစားပေးဆောင်ရွက်ကြရန်လည်း Wonekha က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ယူဂန်ဒါ၏ ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် ကျွမ်းကျင်ပိုင်နိုင်မှုကို သဘောကျခဲ့ကြောင်း၊ ယူဂန်ဒါနိုင်ငံရှိ ကော်ဖီလုပ်ငန်းသည် ခေတ်မီဆန်းသစ်သော အသွင်ကူးပြောင်းမှုကို မြင့်တွေ့ရကြောင်း၊ ရိုဘတ်စတာကော်ဖီ သို့မဟုတ် အာရေးဗီးကားကော်ဖီစိုက်ဧရိယာအများစုသည် နိုင်ငံတကာစံနှုန်းများဖြင့် ပြည့်စုံသည်ဟု Guangzhou Yike Food Company ၏ အမှုဆောင်ဒါရိုက်တာ Feng Zhiqiang က ပြောကြားခဲ့ကြောင်း သိရသည်။

ယူဂန်ဒါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Zhang Lizhong က တရုတ်နိုင်ငံ၏ ကော်ဖီသောက်သုံးမှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ၁၆၇ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ပြီး နှစ်စဉ်တန်ချိန် ၃၅၀,၀၀၀ အထိ ရောက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီတင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၈၄၀ နီးပါးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အာဖရိကတို့သည် ခေတ်မီတိုးတက်ရေးလမ်းကြောင်းပေါ်ရှိ မိတ်ဖက်ကောင်းများဖြစ်ကြပြီး အာဖရိကနိုင်ငံများ၏ လွတ်လပ်သောဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုယ်ပိုင်အားကိုးမှုကို တရုတ်နိုင်ငံကထောက်ခံကြောင်း တရုတ်သံအမတ်ကြီး က ပြောကြားခဲ့သည်ဟု သိရသည်။

ကော်ဖီသည် စီးပွားရေးအသွင်ကူးပြောင်းမှုကို မြင့်တင်ရန်အတွက် ယူဂန်ဒါ၏ အဓိကဦးစားပေးကုန်စည်များအနက်မှတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စု ၁ ဒသမ ၇ သန်းခန့်သည် ကော်ဖီထုတ်လုပ်မှုအပေါ် မှီခိုနေရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့်နှစ်က စိုက်ပျိုးရေးဝန်ကြီးဌာန၏အဆိုအရ ယူဂန်ဒါနိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း ကော်ဖီမှ နိုင်ငံခြားငွေ အမြင့်ဆုံးရရှိခဲ့ကြောင်း၊ နိုင်ငံသည် ၂၀၂၃/ ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၈၄၆ သန်းပိုများကြောင်း သိရသည်။

Source: https://investinchina.chinaservicesinfo.com/s/202505/21/WS682d8fce498eec7e1f737544/ugandas-coffee-industry-sets-sight-on-chinas-burgeoning-market.html ,(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_11062025_14:24

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြေရှားသတ္တုသံလိုက်တင်ပို့မှုဆိုင်းငံ့ခြင်းကြောင့် အိန္ဒိယ၏မော်တော်ယာဉ် ထုတ်လုပ်မှုကဏ္ဍ ထိခိုက်နိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ မြေရှားသတ္တုသံလိုက်များတင်ပို့မှုအတွက် ခွင့်ပြုချက်များကို ဆိုင်းငံ့ထားကြောင်း၊ ထို့ကြောင့်သမားရိုးကျနှင့် လျှပ်စစ်သုံးမော်တော်ယာဉ်ထုတ်လုပ်မှုကို ထိခိုက်နိုင်ကြောင်း အိန္ဒိယနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍမှ အစိုးရထံအသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

မေလ ၂၉ ရက်နေ့တွင် အဆိုပါ ပြဿနာကို မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍ ကိုယ်စားလှယ်များက အိန္ဒိယအကြီးစားစက်မှုဝန်ကြီးဌာန၏ အတွင်းရေးမှူးထံတင်ပြခဲ့ပြီး လျှပ်စစ်သုံးမော်တော်ယာဉ်များတွင် အသုံးပြုသော မော်တာများအတွက် မရှိမဖြစ်လိုအပ်သော ယင်းအစိတ်အပိုင်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက လက်ဝါးကြီးအုပ်ထားသည့်အခြေအနေကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံအခြေစိုက် Bosch၊ Continental Automotive နှင့် Mahle Group ကဲ့သို့သော နိုင်ငံစုံမော်တော်ယာဉ် အစိတ်အပိုင်းကုမ္ပဏီများ၏ နိုင်ငံခြားရုံးခွဲများအနေဖြင့်တင်သွင်းခွင့်ပြုချက်များရရှိနေသော်လည်း အိန္ဒိယကုမ္ပဏီ ၃၀ ခန့်က လျှောက်လွှာတင်ထားသော်လည်း ၎င်းတို့၏အိန္ဒိယလုပ်ငန်းခွဲများအနေဖြင့် ခွင့်ပြုချက်များ မရရှိသေးကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများဖြစ်သည့် အိန္ဒိယမော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်သူများအသင်း (The Automotive Component Manufacturers Association of India-ACMA)နှင့် အိန္ဒိယမော်တော်ယာဉ် ထုတ်လုပ်သူများအသင်း (The Society of Indian Automobile Manufacturers-SIAM) တို့က မေလ ၂၉ ရက် နေ့က အကြီးစားစက်မှုဝန်ကြီးဌာနနှင့် ပြုလုပ်ခဲ့သော အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

၎င်းတို့၏ ဆွေးနွေးမှုများတွင် မြေရှားသတ္တုသံလိုက်မပါဝင်သော မော်တာများထုတ်လုပ်ခြင်းကဲ့သို့သော ရေရှည်ရွေးချယ်စရာ နည်းလမ်းများကိုလည်းရှာဖွေခဲ့ရာ အနည်းဆုံးအချိန် နှစ်နှစ်ခန့်ကြာမြင့်နိုင်ကြောင်း၊ သို့မဟုတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မော်တာအလုံးလိုက်တင်သွင်းခြင်းသည် အစိုးရ၏ "Make-in-India" အစီအစဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ထုတ်လုပ်မှုနှင့်ချိတ်ဆက်ထားသောမက်လုံးများ (Production-linked incentives)ကို ထိခိုက်စေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ Bajaj Auto Ltd. က ဇူလိုင်လအထိ အဆိုပါ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းမရှိပါက မော်တော်ယာဉ်နှင့် ဆက်စပ်အစိတ်အပိုင်းများထုတ်လုပ်မှုအပေါ် ပြင်းထန်စွာထိခိုက်နိုင်သည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြေရှားသတ္တုသံလိုက် တင်သွင်းခွင့်ပြုချက်လုံးဝမရရှိသေးကြောင်း သိရသည်။ ၎င်းသည် တရုတ်အာဏာပိုင်များထံမှ ခွင့်ပြုချက်လိုအပ်သည့် ပို့ကုန်စည်းမျဉ်းအသစ်များထွက်ပေါ်လာပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် အဆိုပါရပ်ဆိုင်းမှုသည် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်များအပေါ် တုံ့ပြန်မှုတစ်ရပ်ဖြစ်နိုင်ကြောင်းလည်း သုံးသပ်ကြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး မြေရှားသတ္တုသိုက်များကို ပိုင်ဆိုင်ထားသော်လည်း ပြည်တွင်းထုတ်လုပ်မှုနည်းပါးနေ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ် အကြီးအကျယ်မှီခိုနေရကြောင်း သိရသည်။ ယခုအခါ အိန္ဒိယအစိုးရသည် အဆိုပါမှီခိုအားထားမှုကို လျှော့ချရန်အတွက် ပြည်တွင်းမြေရှားသတ္တုသံလိုက်ထုတ်လုပ်မှုကိုမြှင့်တင်ရန် ဘဏ္ဍာရေးဆိုင်ရာ မက်လုံးများပေးအပ်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

CNBC-TV18 ၏သတင်းများအရ မြေရှားသတ္တုထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုသည် အိန္ဒိယထိပ်တန်းဝန်ကြီးများ၏ အာရုံစိုက်မှုကိုရရှိခဲ့ကြောင်းသိရသည်။ ဝန်ကြီးချုပ်ရုံး(PMO)၊ အကြီးစားစက်မှုဝန်ကြီး ဌာန(MHI)၊ နိုင်ငံခြားရေးဝန်ကြီး

ဌာန(MEA)နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြေရှားသတ္တုသံလိုက်ပို့ကုန် ကန့်သတ်မှုများ၏ သက်ရောက်မှုကို ပူးပေါင်းအကဲဖြတ်နေကြောင်း သိရသည်။

CNBC-TV18 ၏အစီရင်ခံစာအရ အစိုးရသည် ပေကျင်းသို့ စက်မှုလုပ်ငန်းကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ရန် စဉ်းစားနိုင်ကြောင်းနှင့် ရည်ရွယ်ချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ အဆိုပါပို့ကုန် ခွင့်ပြုချက်စနစ်အသစ်နှင့်ပတ်သက်၍ ရှင်းလင်းချက်ရယူရန်ဖြစ်ကြောင်း သိရသည်။

Source: Live Mint, Indian auto stuck in queue as China clears rare earth magnets for others | Mint, June 5, 2025.

Financial Express, Rare earth supply chain facing disruption, India may send team to China, June 5, 2025.(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17062025_16:15

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဇွန်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၁.၇.၂၀၂၅) ထိ

| မြို့နယ် | ရောဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000–125000 |
| မြောင်းမြ | 120000–125000 |
| ဒေးဒရဲ | 120000–125000 |
| ဝါးခယ်မ | 120000–125000 |
| ဘိုကလေး | 120000–125000 |
| မော်လမြိုင်ကျွန်း | 120000–125000 |
| လပွတ္တာ | 120000–125000 |
| ကျိုက်လတ် | 120000–125000 |
| ဘုရင့်နောင် | 150000–155000 (ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၅၊ ဇွန်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 2.6.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 2 | 9.6.2025 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 | 1350-1750 |
| 3 | 16.6.2025 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 | 1350-1750 |
| 4 | 23.6.2025 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 | 1350-1750 |
| 5 | 30.6.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |

**Source: MRPPA**

## ၂၀၂၅၊ ဇွန်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ညှော်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 2 | 3.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 3 | 4.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 4 | 5.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 5 | 6.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 6 | 9.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 7 | 10.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 8 | 11.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 9 | 12.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 10 | 13.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 11 | 16.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 12 | 17.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 13 | 18.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 14 | 19.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 15 | 20.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 16 | 23.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 17 | 24.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 18 | 25.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 19 | 26.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 20 | 27.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 21 | 30.6.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |

**Source:** Myanmar Rice

## ၂၀၂၅၊ ဇွန်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.6.2025 | 2100.0 | 64.53 | 291.68 | 1631.83 | 24.59 | 1467.45 |
| 2 | 3.6.2025 | 2100.0 | 64.55 | 291.94 | 1632.15 | 24.57 | 1469.66 |
| 3 | 4.6.2025 | 2100.0 | 64.19 | 292.07 | 1628.85 | 24.42 | 1457.42 |
| 4 | 5.6.2025 | 2100.0 | 64.49 | 292.35 | 1633.48 | 24.50 | 1465.30 |
| 5 | 6.6.2025 | 2100.0 | 64.41 | 292.29 | 1633.22 | 24.49 | 1459.09 |
| 6 | 9.6.2025 | 2100.0 | 64.37 | 292.36 | 1635.07 | 24.54 | 1457.78 |
| 7 | 10.6.2025 | 2100.0 | 64.25 | 292.18 | 1631.07 | 24.52 | 1451.13 |
| 8 | 11.6.2025 | 2100.0 | 64.39 | 292.24 | 1632.59 | 24.56 | 1446.93 |
| 9 | 12.6.2025 | 2100.0 | 64.57 | 292.43 | 1637.43 | 24.54 | 1458.28 |
| 10 | 13.6.2025 | 2100.0 | 64.72 | 292.42 | 1637.49 | 24.41 | 1460.77 |
| 11 | 16.6.2025 | 2100.0 | 64.69 | 292.48 | 1640.24 | 24.41 | 1455.15 |
| 12 | 17.6.2025 | 2100.0 | 64.40 | 292.30 | 1638.51 | 24.36 | 1450.68 |
| 13 | 18.6.2025 | 2100.0 | 64.45 | 292.28 | 1635.58 | 24.33 | 1448.23 |
| 14 | 19.6.2025 | 2100.0 | 63.90 | 292.03 | 1630.24 | 24.17 | 1444.94 |
| 15 | 20.6.2025 | 2100.0 | 63.96 | 292.35 | 1634.69 | 24.26 | 1444.84 |
| 16 | 23.6.2025 | 2100.0 | 63.65 | 292.23 | 1627.72 | 24.23 | 1424.84 |
| 17 | 24.6.2025 | 2100.0 | 64.19 | 292.58 | 1639.54 | 24.38 | 1447.13 |
| 18 | 25.6.2025 | 2100.0 | 64.41 | 292.83 | 1641.52 | 24.42 | 1445.68 |
| 19 | 26.6.2025 | 2100.0 | 64.91 | 292.99 | 1650.10 | 24.49 | 1459.09 |
| 20 | 27.6.2025 | 2100.0 | 64.45 | 292.96 | 1648.74 | 24.55 | 1454.39 |
| 21 | 30.6.2025 | 2100.0 | 64.66 | 293.08 | 1647.64 | 24.52 | 1456.61 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2025 | | (□□□□□) | | |
| 1 | 2.6.2025 | 2975000 | 2715000 | | 4387800 | 2737400 | 3006800 |
| 2 | 3.6.2025 | 2990000 | 2732000 | | 4387800 | 2737400 | 3006800 |
| 3 | 4.6.2025 | 3010000 | 2737000 | | 4387800 | 2737400 | 3006800 |
| 4 | 5.6.2025 | 3000000 | 2766000 | | 4387800 | 2737400 | 3006800 |
| 5 | 6.6.2025 | 2990000 | 2752000 | | 4387800 | 2737400 | 3006800 |
| 6 | 9.6.2025 | 2981000 | 2760000 | | 4387800 | 2737400 | 3006800 |
| 7 | 10.6.2025 | 2975000 | 2743000 | | 4488800 | 2792500 | 3006800 |
| 8 | 11.6.2025 | 2960000 | 2725000 | | 4488800 | 2792500 | 3006800 |
| 9 | 12.6.2025 | 2940000 | 2687000 | | 4488800 | 2792500 | 3006800 |
| 10 | 13.6.2025 | 2965000 | 2722000 | | 4488800 | 2792500 | 3006800 |
| 11 | 16.6.2025 | 2958000 | 2715000 | | 4488800 | 2792500 | 3006800 |
| 12 | 17.6.2025 | 2990000 | 2770000 | | 4488800 | 2792500 | 3006800 |
| 13 | 18.6.2025 | 2995000 | 2770000 | | 4488800 | 2792500 | 3006800 |
| 14 | 19.6.2025 | 3030000 | 2835000 | | 4488800 | 2792500 | 3006800 |
| 15 | 20.6.2025 | 3011000 | 2791000 | | 4488800 | 2792500 | 3006800 |
| 16 | 23.6.2025 | 3010000 | 2792000 | | 4488800 | 2792500 | 3006800 |
| 17 | 24.6.2025 | 3003000 | 2790000 | | 4488800 | 2792500 | 2951700 |
| 18 | 25.6.2025 | 3000000 | 2780000 | | 4488800 | 2792500 | 2951700 |
| 19 | 26.6.2025 | 2991000 | 2757000 | | 4488800 | 2792500 | 2951700 |
| 20 | 27.6.2025 | 2981000 | 2742000 | | 4488800 | 2792500 | 2951700 |
| 21 | 30.6.2025 | 2987000 | 2778000 | | 4488800 | 2792500 | 2951700 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇွန်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.6.2025 | 3034400-3362000 | 2602700-2755800 | 2296500-2501600 | 3674300-3726400 | 1041100-1053300 |
| 2 | 3.6.2025 | 3034400-3362000 | 2602700-2755800 | 2296500-2501600 | 3674300-3726400 | 1059400-1071700 |
| 3 | 4.6.2025 | 3034400-3362000 | 2602700-2755800 | 2296500-2501600 | 3674300-3726400 | 1059400-1071700 |
| 4 | 5.6.2025 | 3754000-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1059400-1071700 |
| 5 | 6.6.2025 | 3754000-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1059400-1071700 |
| 6 | 9.6.2025 | 3754000-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1059400-1071700 |
| 7 | 10.6.2025 | 3141600-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 8 | 11.6.2025 | 3141600-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 9 | 12.6.2025 | 3141600-3793800 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 10 | 13.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 11 | 16.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 12 | 17.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 13 | 18.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 14 | 19.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 15 | 20.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 16 | 23.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1071700-1083900 |
| 17 | 24.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1065600-1077800 |
| 18 | 25.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1065600-1077800 |
| 19 | 26.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1065600-1077800 |
| 20 | 27.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2501600 | 3674300-3726400 | 1065600-1077800 |
| 21 | 30.6.2025 | 3141600-4011200 | 2651600-2807800 | 2296500-2449600 | 3674300-3726400 | 1065600-1077800 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.6.2025 to 6.6.2025 | 9.6.2025 to 13.6.2025 | 16.6.2025 to 20.6.2025 | 23.6..2025 to 30.6.20250 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 720-730 | 720-730 | 705-715 | 715-725 |
| | SQ | 800-810 | 800-810 | 780-790 | 790-800 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 820-840 | 820-840 | 805-825 | 815-835 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 920-940 | 920-940 | 905-925 | 915-935 |
| | အခွံပါအခြမ်း | 820-840 | 820-840 | 805-825 | 815-835 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 1040-1050 | 1040-1050 | 1010-1020 | 1000-1010 |
| | FAQ (ရွှေဝါ) | 1110-1120 | 1130-1140 | 1130-1140 | 1130-1140 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1160-1170 | 1180-1190 | 1180-1190 | 1190-1200 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1120-1130 | 1140-1150 | 1140-1150 | 1160-1170 |
| | ရွှေဝါအသေး (Under 3.5 mm) | 1060-1070 | 1080-1090 | 1080-1090 | 1080-1090 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 960-970 | 980-990 | 990-1000 | 1000-1010 |
| | SQ ပဲနောက် | 1290-1300 | 1330-1340 | 1370-1380 | 1390-1400 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1175-1195 | 1185-1205 | 1185-1205 | 1185-1205 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 980-1000 | 990-1010 | 990-1010 | 990-1010 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 930-950 | 940-960 | 940-960 | 940-960 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 660-670 | 660-670 | 660-670 | 660-670 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 620-630 | 620-630 | 620-630 | 620-630 |
| | အခွံချွတ်အခြမ်း | 960-980 | 960-980 | 960-980 | 960-980 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 740-750 | 755-765 | 755-765 | 755-765 |
| | အခွံချွတ်အခြမ်း | 1010-1030 | 1025-1045 | 1025-1045 | 1025-1045 |
| ပဲလွန်းဖြူ | FAQ | 725-735 | 725-735 | 725-735 | 725-735 |
| | SQ | 780-790 | 790-800 | 790-800 | 790-800 |
| | အခွံချွတ်အခြမ်း | 865-885 | 865-885 | 865-885 | 865-885 |
| ပဲလွန်းနီ | FAQ | 675-685 | 675-685 | 675-685 | 675-685 |
| ပဲထောပတ် | FAQ | 810-820 | 810-820 | 810-820 | 795-805 |
| | အခွံချွတ်အခြမ်း | 835-855 | 835-855 | 835-855 | 820-840 |
| ပြောင်းဆန် | | 255-265 | 260-270 | 260-270 | 260-270 |
| နှမ်းဖြူ | | 1295-1305 | 1295-1305 | 1295-1305 | 1295-1305 |
| နှမ်းနက်(စမုန်) | | 2580-2590 | 2580-2590 | 2580-2590 | 2610-2620 |
| နှမ်းညို | | 1150-1160 | 1170-1180 | 1170-1180 | 1170-1180 |
| နှမ်းနက်(ရိုးရိုး) | | 2380-2390 | 2400-2410 | 2400-2410 | 2430-2440 |
| မြေထောက်ပဲ(အနီ)FAQ | | 840-850 | 840-850 | 860-870 | 860-870 |
| မြေထောက်ပဲ(အနီ)SQ | | 920-930 | 920-930 | 940-950 | 940-950 |
| မြေထောက်ပဲ(အဖြူ) | | 920-930 | 920-930 | 940-950 | 940-950 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 840-850 | 840-850 | 860-870 | 860-870 |
| ပဲယင်း(ဝါ) | | 600-610 | 615-625 | 625-635 | 630-640 |
| ပဲယင်း(နီ) | | 700-710 | 710-720 | 710-720 | 710-720 |
| ပဲကြီး | | 780-790 | 790-800 | 810-820 | 810-820 |
| ပဲကြီးအခွံချွတ်အခြမ်း | | 900-920 | 910-930 | 930-950 | 930-950 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1030-1040 | 1060-1070 | 1060-1070 | 1060-1070 |
| စွန်တာနီ/ပြာ | | 755-765 | 755-765 | 755-765 | 755-765 |
| မြေပဲ (လုံးဆန်) | | 1550-1560 | 1550-1560 | 1550-1560 | 1525-1535 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 4.6.2025 to 10.6.2025 | 11.6.2025 to 17.6.2025 | 18.6.2025 to 24.6.2025 | 25.6.2025 to 1.7.2025 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 390-400 | 390-400 | 390-400 | 390-400 |
| 2 | Myanmar White Rice 5 % Broken (Well Milled Sortexed) | 370-375 | 370-375 | 370-375 | |
| 3 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 365-375 | 365-375 | 365-375 | |
| 4 | Myanmar Long Grain White Rice 10% Broken (90 days) | 370-375 | 370-375 | 370-375 | 370-375 |
| 5 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | |
| 6 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | |
| 7 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 340-350 | 340-350 | 340-350 | |
| 8 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | | | | 370-375 |
| 9 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | | | | 365-370 |
| 10 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | | | | 360-365 |
| 11 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | | | | 340-350 |
| 12 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | | | | 370-375 |
| 13 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | | | | 365-370 |
| 14 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | | | | 360-365 |
| 15 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | | | | 340-350 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | | | | 360-365 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 360-365 | 360-365 | 360-365 | 355-360 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | | | | 350-355 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | | | | 335-340 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | | | | 340-350 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 330-340 | 330-340 | 330-340 | 330-340 |
| 22 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 325-330 | 325-330 | 325-330 | 325-330 |
| 23 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 380-390 | 380-390 |
| 24 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 25 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 |
| 26 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 27 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 28 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 370-380 | 370-380 | 370-380 | 370-380 |
| 29 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 |
| 30 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 350-360 | 350-360 | 350-360 | 350-360 |
| 31 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 365-375 | 365-375 | 365-375 | 365-375 |
| 32 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 33 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | 355-360 |
| 34 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 345-355 | 345-355 | 345-355 | 345-355 |
| 35 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 36 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 |
| 37 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 |
| 38 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 39 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 345-355 | 345-355 | 345-355 | 345-355 |
| 40 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 475-490 | 475-490 | 475-490 | 475-490 |
| 41 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 395-400 | 395-400 | 395-400 | 395-400 |
| 42 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 |
| 43 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 |
| 44 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | 355-360 |
| 45 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 550-560 |
| 46 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 540-550 |
| 47 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 550-560 |
| 48 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 540-550 |
| 49 | Myanmar Glutinous Rice 5% Broken (Well Milled) | 490-500 | 490-500 | 490-500 | 490-500 |
| 50 | Myanmar Glutinous Rice 10% Broken (Well Milled) | 480-490 | 480-490 | 480-490 | 480-490 |
| 51 | Myanmar Glutinous Rice 15% Broken (Well Milled) | 470-480 | 470-480 | 470-480 | 470-480 |
| 52 | Myanmar Glutinous Rice 25% Broken (Well Milled) | 460-470 | 460-470 | 460-470 | 460-470 |
| 53 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 455-465 | 455-465 | 455-465 | |
| 54 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 440-450 | 440-450 | 440-450 | |
| 55 | Myanmar Brown Rice 5 % Broken | 355-360 | 355-360 | 355-360 | |
| 56 | Myanmar Brown Rice 10 % Broken | 345-355 | 345-355 | 345-355 | |

**Source: MRF**

## ၂၀၂၅၊ ဇွန်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 2.6.2025 | 62.49 | 64.29 | 204.62 | 3.54 | 203.74 |
| 2 | 3.6.2025 | 62.71 | 64.78 | 206.10 | 3.73 | 205.20 |
| 3 | 4.6.2025 | 63.19 | 65.42 | 206.72 | 3.70 | 209.60 |
| 4 | 5.6.2025 | 62.53 | 64.65 | 202.84 | 3.68 | 206.08 |
| 5 | 6.6.2025 | 63.19 | 65.42 | 206.72 | 3.70 | 209.60 |
| 6 | 9.6.2025 | 64.43 | 66.28 | 207.40 | 3.75 | 212.56 |
| 7 | 10.6.2025 | 65.51 | 67.30 | 210.31 | 3.63 | 215.20 |
| 8 | 11.6.2025 | 65.06 | 66.89 | 209.00 | 3.54 | 213.96 |
| 9 | 12.6.2025 | 67.80 | 69.37 | 215.42 | 3.54 | 219.65 |
| 10 | 13.6.2025 | 74.76 | 75.87 | 227.27 | 3.56 | 233.89 |
| 11 | 16.6.2025 | 73.57 | 74.71 | 224.38 | 3.65 | 241.80 |
| 12 | 17.6.2025 | 72.29 | 73.82 | 222.81 | 3.76 | 241.61 |
| 13 | 18.6.2025 | 75.23 | 76.74 | 228.52 | 3.88 | 251.63 |
| 14 | 19.6.2025 | 75.22 | 76.63 | 229.92 | 3.98 | 254.62 |
| 15 | 20.6.2025 | 75.67 | 76.99 | 232.28 | 4.09 | 259.55 |
| 16 | 23.6.2025 | 74.95 | 78.15 | 236.13 | 3.89 | 260.39 |
| 17 | 24.6.2025 | 66.54 | 69.43 | 217.61 | 3.66 | 228.28 |
| 18 | 25.6.2025 | 65.36 | 68.11 | 211.54 | 3.55 | 232.35 |
| 19 | 26.6.2025 | 65.14 | 67.83 | 208.87 | 3.39 | 231.30 |
| 20 | 27.6.2025 | 65.7 | 68.18 | 210.69 | 3.57 | 237.41 |
| 21 | 30.6.2025 | 65.23 | 67.65 | 208.98 | 3.66 | 230.72 |

Source: Bloomberg Commodities

## ၂၀၂၅၊ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.6.2025 | 3330 | 3338 |
| 2 | 3.6.2025 | 3365 | 3367 |
| 3 | 4.6.2025 | 3365 | 3370 |
| 4 | 5.6.2025 | 3371 | 3374 |
| 5 | 6.6.2025 | 3377 | 3382 |
| 6 | 9.6.2025 | 3324 | 3330 |
| 7 | 10.6.2025 | 3315 | 3320 |
| 8 | 11.6.2025 | 3343 | 3348 |
| 9 | 12.6.2025 | 3378 | 3385 |
| 10 | 13.6.2025 | 3429 | 3435 |
| 11 | 16.6.2025 | 3439 | 3444 |
| 12 | 17.6.2025 | 3396 | 3402 |
| 13 | 18.6.2025 | 3393 | 3397 |
| 14 | 19.6.2025 | 3378 | 3384 |
| 15 | 20.6.2025 | 3355 | 3359 |
| 16 | 23.6.2025 | 3369 | 3484 |
| 17 | 24.6.2025 | 3361 | 3366 |
| 18 | 25.6.2025 | 3333 | 3336 |
| 19 | 26.6.2025 | 3342 | 3348 |
| 20 | 27.6.2025 | 3308 | 3313 |
| 21 | 30.6.2025 | 3282 | 3287 |

Source: Bullionvault,